# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်    ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္လာနေ့၊    အတွဲ [၅၄]၊ အမှတ် [၃၃၀]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဘုရင်ဆူလတန် အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

# မျိုးဆက်သစ်များက ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပညာရပ်များမပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးမှာအရေးကြီးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်

နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၇၃) လမ်းနှင့် (၇၈) လမ်းကြား မင်္ဂလာမန္တလေးစီမံကိန်း(တောင်ဘက်)တွင် တည်ဆောက်မည့် မြန်မာ့အနုပညာဇာတ်ရုံ(မန္တလေး) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့အနုပညာဇာတ်ရုံ(မန္တလေး) အဆောက်အအုံ ရတနာပန္နက်တော်ကို စိုက်ထူစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မြို့တော်ဝန် ဦးအောင်မောင်း၊ သဘင်အစည်းအရုံးနာယက ဦးရွှေနန်းတင်နှင့် အကယ်ဒမီ ဒါရိုက်တာ မြို့တော်မောင်ယဉ်အောင်တို့က မင်္ဂလာအချိန် ၈ နာရီ ၁၀ မိနစ်တွင် သတ်မှတ်နေရာ အသီးသီးရှိ ပန္နက်တော်ဌာနများ၌ ရတနာပန္နက်တော်များကို စိုက်ထူ၍ ပန္နက်တင်ကြပြီး အမွှေးနံ့သာ၊ ရွှေရည် ငွေရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့အနုပညာ ဇာတ်ရုံ(မန္တလေး) အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာအဆင့်မီ မြန်မာ့အနုပညာဇာတ်ရုံ (မန္တလေး) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောင်ရွက်ထားရှိမှု၊ တည်ဆောက်မည့် အဆောက်အအုံ၏ ဗိသုကာပုံစံ၊ အဆောက်အအုံတွင် ပါဝင်မည့် အခန်းဖွဲ့စည်းပုံတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားရာတွင် မန္တလေးမြို့သည် အနုပညာရှင်များစွာပေါ်ထွန်းခဲ့သည့် မြို့ကြီးတစ်မြို့ဖြစ်သည့်

စာမျက်နှာ ၃ ကော်လံ ၁ ❋

## ယနေ့ ဖတ်စရာ


ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက်လှူဒါန်း စာ - ၇

မြန်မာ့မျိုးရင်းဆင်များ မျိုးတုံးပျောက်ကွယ်မှုမှ ကာကွယ်နိုင်ရေး သဘာဝသစ်တောများ စုပေါင်းကာကွယ်ထိန်းသိမ်းသင့် စာ - ၁၁





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အနည်းဆုံးအခကြေးငွေ

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။ တစ်ချိန်တည်းမှာပင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းရေးနှင့် ထိုက်သင့်သော လုပ်ခလစာများ ရရှိရေးတို့ ကိုလည်း ကြိုးပမ်းလျက်ရှိပါသည်။ ဆင်းရဲမှုလျှော့ချရေးနှင့် ထိုက်သင့်သော လုပ်အားခတို့သည် ဆက်စပ်လျက်ရှိပါသည်။ ထိုက်သင့်သော လုပ်အားခများ ရရှိလာမှသာ စားနိုင်သောက်နိုင် လူမှုဘဝများ တိုးတက်လာမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် ၂၀၁၃ ခုနှစ်ကတည်းက လွှတ်တော်၌ အနည်းဆုံးအခကြေးငွေ ဥပဒေကို အတည်ပြု ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်ပါသည်။ ၎င်းကြေညာချက်အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံးတစ်ပြေးညီ သတ်မှတ်သည့် အနည်းဆုံး အခကြေးငွေမှာတစ်နာရီလျှင် ငွေကျပ် ၄၅၀နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ငွေကျပ် ၃၆၀၀ ဖြစ်ပါသည်။ သို့ရာတွင် ၎င်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း သိရပါသည်။

၎င်းသို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်မှုကြောင့် အလုပ်သမား ရာကျော်ရှိသော စက်ရုံအလုပ်ရုံကြီးများနှင့် အလုပ်လုပ်နေကြသည့် လစာနည်း အလုပ်သမားများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။ အနည်းဆုံး ကျပ်တစ်သိန်း အထက် လစာရရှိလာနိုင်တော့မည် ဖြစ်ပါသည်။ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ်မူတည်ပြီး လစာဝင်ငွေနှင့် လုပ်အားခ ဆုကြေးငွေများ တိုးတက်လာတော့မည် ဖြစ်ပါသည်။ လက်ရှိ အမေရိကန်ဒေါ်လာပေါက်ဈေးအရ မြန်မာနိုင်ငံမှ အလုပ်သမားများသည် တစ်ရက်လုပ်အားခ အမေရိကန်ဒေါ်လာ သုံးဒေါ်လာခန့် ရရှိနေပြီဟု ဆိုနိုင်ပါသည်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်မှုကြောင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်သူများ နည်းပါးလာမည်ဖြစ်ပါသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင် တစ်ရက်လုပ်အားခ မြန်မာငွေကျပ် ၉၀၀၀ ခန့် ရရှိကြောင်း သိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော အလုပ်ကြမ်းသမားများကို တစ်ရက်ငွေကျပ် ၇၀၀၀ မှငွေကျပ် ၁၀၀၀၀ ပေးခေါ်နေရပါသည်။ သို့အတွက် မြန်မာနိုင်ငံမှ အလုပ်ကြမ်းသမားတစ်ဦး၏ ဝင်ငွေသည် သိသိသာသာ တိုးလာနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်မှုကြောင့် စက်ရုံအလုပ်ရုံကြီးများ၌ အလုပ်လုပ်နေကြသော ဝင်ငွေနည်း အလုပ်သမားများအတွက် ထိုက်တန်သော အခကြေးငွေများ ရရှိလာတော့မည် ဖြစ်ပါသည်။ အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများ သည်လည်း လတ်တလော အနည်းဆုံးအခကြေးငွေကို မခံစားရသည့်တိုင် ရေမြင့်ကြာတင့်ဆိုသည့်အတိုင်း ကာလဒေသနှင့် လိုက်လျောညီထွေမှုရှိသော လုပ်အားခဝင်ငွေများ ရရှိလာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ရွှေပေါက်ကံ လေးလမ်းသွားတံတား တည်ဆောက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဩဂုတ် ၂၈ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်း(ရန်ကုန်-နေပြည်တော်)အပိုင်း လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေနှင့်တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၁) က တည်ဆောက်နေသော ရွှေပေါက်ကံတံတား (လေးလမ်းသွား) တည်ဆောက်ရေးလုပ်ငန်းခွင် ရွှေပေါက်ကံဘက်ကမ်းတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရွှေပေါက်ကံဘက်ကမ်း တံတားချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် Staging များ တည်ဆောက်နေမှု၊ တံတားတိုင် ($P_6$) ဘိုးပိုင် တူးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဒဂုံဘက်ကမ်းတွင် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာက ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ရွှေပေါက်ကံတံတား (လေးလမ်းသွား)သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအရှည် ၂၄၂ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၁၄ ဒသမ ၆ မီတာ (လေးလမ်းသွား)၊ လူသွားလမ်းတစ်ဖက်လျှင် ၁ ဒသမ ၂ မီတာစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အောက်စ်ဖို့ဒ်(မြန်မာ) နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တက္ကသိုလ်နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အောက်စ်ဖို့ဒ်(မြန်မာ) နွေရာသီ အင်္ဂလိပ်စာသင်တန်းဆင်းပွဲကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား လက်မှတ်များပေးအပ်ကြသည်။ အောက်စ်ဖို့ဒ်(မြန်မာ) အင်္ဂလိပ်စာသင်တန်းသည် နှစ်နိုင်ငံ တက္ကသိုလ်များ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုအရ ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့နောက် အောက်စ်ဖို့ဒ် တက္ကသိုလ်မှ Native Speaker ကျောင်းသား ကျောင်းသူများက ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန် အမြင်ချင်းဖလှယ်ကြပြီး ရန်ကုန်တက္ကသိုလ်တွင် home stay အစီအစဉ်ဖြင့် နှစ်လတာလာရောက် ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ငွေပေးအပ်

**ရွှေတောင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော ပြည်ရေနံမြေမှ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူ မိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ငွေကြေး အကျိုးခံစားခွင့်ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၂၉ ရက်က ပြည်ရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အမှာစကားပြောကြားပြီး ပြည်ရေနံမြေမှ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ အာမခံအလုပ်သမား ဦးရဲထွန်း၏ ကျန်ရစ်သူ မိသားစုအတွက် နာရေးစရိတ်နှင့် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ်သိန်း ၃၁၅၆၁၄၀ ကို ပေးအပ်သည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၅ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၁.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၅.၇၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၉၉.၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၃၂ |

ခင်ရတနာ-စုစည်းသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း ၁၀ မျိုးတို့မှ အနုပညာရှင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

❊ ရွှေဖုံးမှ

အပြင် ပန်းချီ၊ ပန်းပု စသည့် အနုပညာများထွန်းကားခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ များစွာ ကျန်ရှိနေသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို လက်ရှိပညာရှင်များသည် သမိုင်းပေးတာဝန်အရ ဆက်လက်ထိန်းသိမ်းထားနိုင်သကဲ့သို့ မျိုးဆက်သစ်များကလည်း မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပညာရပ်များ မပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးတို့မှာ အရေးကြီးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း။

ထိုသို့ ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ ပညာရပ်များကို လက်တွေ့အသုံးချနိုင်ရန်၊ အနုပညာအမွေအနှစ်ပညာရပ်များနှင့်ပတ်သက်၍ ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်နှင့် မျိုးဆက်သစ်များကိုလည်း ယင်းအမွေအနှစ်များ ပေးအပ်နိုင်ရန်အတွက် ကောင်းမွန်ခံ့ညားထည်ဝါပြီး ခေတ်မီသည့် အဆောက်အအုံ လိုအပ်သောကြောင့် မိမိတို့အစိုးရလက်ထက်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ယခုကဲ့သို့သော အဆောက်အအုံကို တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။

ယခု အဆောက်အအုံပြီးစီးပါက သမားရိုးကျနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်းထက် ခေတ်မီသည့် နည်းစနစ်ကို အသုံးပြုကာ တင်ဆက်ဖျော်ဖြေသွားနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်တွင်း၌သာမက အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ယဉ်ကျေးမှုအဖွဲ့များကိုပါ ဖိတ်ခေါ်၍ ပြသဖျော်ဖြေတင်ဆက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ယခုအဆောက်အအုံကို တည်ဆောက်ပြီးစီးသွားသည့်အခါ အနုပညာရှင်များ၏ လက်ဝယ်သို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်၍ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်အတွက် အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ စည်းမျဉ်း စည်းကမ်းများရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ပြီး ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရတာဝန်ယူသည့် ကာလအတွင်း အနုပညာရှင်များအား ယခုကဲ့သို့သော အဆောက်အအုံမျိုးကို တည်ဆောက်ပေးရန် ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယခုအဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ မိမိတို့၏ အနုပညာရှင်များက ပိုမိုကောင်းမွန်ပြည့်စုံသည့် အနုပညာရပ်များ တင်ဆက်နိုင်ရန်၊ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေအနှစ်ပေးအပ်သွားနိုင်ရန်၊ ကမ္ဘာ့ယဉ်ကျေးမှုအနုပညာရပ်များနှင့် မိမိတို့ယဉ်ကျေးမှုအနုပညာရပ်များ အချင်းချင်းဖလှယ်အသုံးချနိုင်ရန် စသည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း ၁၀ မျိုးအစည်းအရုံး၏ အနုပညာရှင်များကိုယ်စား သဘင်အစည်းအရုံးနာယက ဦးရွှေနန်းတင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း ၁၀ မျိုးမှအနုပညာရှင်များနှင့်အတူ မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး)အထိမ်းအမှတ် ဆိုင်းဘုတ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ မြန်မာ့အနုပညာဗဟိုဌာန(မန္တလေး)အဆောက်အအုံကို မြေဧက ၈ ဒသမ ၅၀ အပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။ အမြင့်ပေ ၁၀၀ ခန့်ရှိမည်ဖြစ်ကာ အထပ်ခုနစ်ထပ်ပါဝင်မည်ဖြစ်ပြီး လူ ၃၀၀၀ ဝင်ဆံ့နိုင်မည်ဖြစ်သည်။ ယင်းအဆောက်အအုံ၌ စားသောက်ဆိုင်များ၊ တစ်နှစ်ပတ်လုံးကပြဖျော်ဖြေနိုင်မည့် ပြဇာတ်ရုံများ၊ မြန်မာ့အနုပညာ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် ယာဉ်ရပ်နားရန်နေရာတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း ၁၀ မျိုးပညာရှင်များအား အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး အနုပညာဆိုင်ရာဖျော်ဖြေတင်ဆက်မှုများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းနှင့် အနုပညာသင်တန်းများကိုပါ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းနှင့် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ စိတ္တရမဟီ အဆင့်မြင့်အိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**မြန်မာ့အနုပညာဗဟိုဌာန (မန္တလေး) အဆောက်အအုံဆောက်လုပ်မည့်မြေနေရာကို တွေ့ရစဉ်။**

(ဓာတ်ပုံ-ပြန်/ဆက်)

◆ ရွှေဖုံးမှ

အလားတူ ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ အာနီဖာ အာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၃၁ ရက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃၀**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၃၁ ရက်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

## အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်း ဖွဲ့စည်း

**တပ်ကုန်း ဩဂုတ် ၃၀-** နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့အငြိမ်းစားဝန်ထမ်းများ၏ လူမှုကူညီရေးအသင်းကို ဩဂုတ် ၂၉ ရက်က ဖွဲ့စည်းခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းကို (ငြိမ်း၊ အထွေထွေမန်နေဂျာ၊ မီးရထားဌာန)၊ အတွင်းရေးမှူး ဦးတင်ဝင်း(ငြိမ်း၊ ဦးစီးမှူး၊ မြေစာရင်းဌာန)နှင့် ၁၅ ဦးပါဝင်သည့်အမှုဆောင်အဖွဲ့ကို အသင်းသား ၁၄၀ ကျော်က ရွေးချယ်ခဲ့ကြသည်။ အသင်းသို့ အငြိမ်းစားဝန်ထမ်းများနှင့်မိသားစုပင်စင်စားများပါဝင်နိုင်ပြီး အသင်းဝင်ကြေးငွေကျပ် ၁၀၀၀ ထည့်ဝင်ရမည်ဖြစ်သည်။ အသင်း၏ ရည်ရွယ်ချက်များမှာ ပင်စင်စားများစုစုစည်းစည်း၊ ချစ်ချစ်ခင်ခင်နှင့် တစ်ဦးဒုက္ခကိုတစ်ဦးက ကူညီကြရန်ဖွဲ့စည်းထားသည့် လူမှုရေးအသင်းဖြစ်သည်။ **တင်ထွန်းတာ**




# မလေးရှားဝန်ကြီးချုပ်နုတ်ထွက်ပေးရန် ကွာလာလမ်ပူ၌ ဒုတိယနေ့ဆန္ဒပြ

**ကွာလာလမ်ပူ ဩဂုတ် ၃၀**

မလေးရှားခေါင်းဆောင်အဖြစ် ကာလကြာရှည်စွာတာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ်နာဂျစ်ရာဇတ်အား ဒေါ်လာသန်းပေါင်းများစွာ အလွဲသုံးစားမှု ထွက်ပေါ်ခဲ့ပြီးနောက် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက တနင်္ဂနွေနေ့တွင် ဒုတိယနေ့အဖြစ် နုတ်ထွက်ပေးရန် ဆန္ဒပြခဲ့ကြသည်။

အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် နာဂျစ်အမည်ဖြင့် စာရင်းဖွင့်ခဲ့ပြီးနောက် နိုင်ငံရေးအကျပ်အတည်းတစ်ရပ်ဖြစ်လာကာ ရာနှင့်ချီသော ဆန္ဒပြသူများက မြို့တော်ကွာလာလမ်ပူ မြို့လယ်၌ စနေနေ့က အိမ်မပြန်ဘဲ လမ်းများပေါ်တွင်အိပ်ကာ ဆန္ဒပြခဲ့ကြသည်။

သို့သော်လည်း မြို့လယ်တွင်လုံခြုံရေးတင်းကျပ်လျက်ရှိကာ အဓိကရုဏ်းနှိမ်နင်းရေးရဲများက ကားများဖြင့် အသင့်စောင့်ဆိုင်းနေကြပြီး စနေနေ့က ဆန္ဒပြမှုတွင် အကြမ်းဖက်မှုမပါဘဲ ဝန်ကြီးချုပ်အားနုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။ တနင်္ဂနွေနေ့တွင် အုပ်စုလိုက် လေ့ကျင့်ခန်း ပြုလုပ်မှုနှင့်အတူ ဆန္ဒပြပွဲကိုစတင်ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

မြို့တော်အာဏာပိုင်များအနေဖြင့် ဒီမိုကရေစီအရေး ဆန္ဒပြမှုလျှောက်ထားခြင်းကို ပယ်ချခဲ့သည်ဟုဆိုသည်။ အစိုးရက ဒီမိုကရေစီလှုံ့ဆော်ရေး ဝက်ဘ်ဆိုက်ဖြစ်သည့် ဘာဆစ်ဝက်ဘ်ဆိုက်ကို ပိတ်ပင်လိုက်ပြီး အဝါရောင်တီရှပ်များ ဝတ်ဆင်မှုကိုလည်း ပိတ်ပင်ထားသည်။ သို့သော်လည်း ဆန္ဒပြသူများက အဝါရောင်ရှပ်အင်္ကျီများဝတ်ဆင်ကာ ဆန္ဒပြခဲ့ကြသည်ဟုဆိုသည်။

**(ရိုက်တာ)**

# ကုလသမဂ္ဂအထွေထွေညီလာခံသို့ သမ္မတပူတင်တက်ရောက်မည်

**မော်စကို ဩဂုတ် ၃၀**


ရုရှားသမ္မတဗလာဒီမာပူတင်သည် လာမည့် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ဩဂုတ် ၂၈ ရက်တွင် ကြေညာသည်။

ပူတင်သည် လာမည့်စက်တင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ အတောအတွင်း၌ အချေအတင် ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်ဟု ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားမည့်သူ ယာယီစာရင်းအရ သိရသည်။ သို့သော် ရုရှားအစိုးရသည် သမ္မတပူတင်၏ ခရီးစဉ်နှင့် ပတ်သက်၍ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယခုတစ်ခေါက်ခရီးစဉ်မှာ ရုရှားသမ္မတပူတင်၏ ကုလသမဂ္ဂ အထွေထွေညီလာခံအစည်းအဝေးသို့ လေးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ကြောင်း၊ သမ္မတပူတင်သည် ရုရှားသမ္မတတစ်ဦးအနေဖြင့် ၎င်း၏မိန့်ခွန်းကို လွန်ခဲ့သောဆယ်နှစ်က ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး၌ နောက်ဆုံးအကြိမ်အဖြစ် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။ သမ္မတပူတင်သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ထိပ်တန်းခေါင်းဆောင်များ တက်ရောက်လာကြမည့် အဆိုပါ ကုလသမဂ္ဂညီလာခံအတောအတွင်း၌ အခြားကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ဖွယ်ရှိကြောင်း မီဒီယာများက ဆက်လက်ဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်တို့သည်လည်း အဆိုပါအစည်းအဝေး၌ သမ္မတပူတင်နည်းတူ မိန့်ခွန်းများပြောကြားကြရန် စီစဉ်ထားပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကမူ ညီလာခံအစည်းအဝေး၏ နောက်တစ်နေ့တွင် မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်ဟု သိရသည်။

**(ကျိုဒိုနယူးစ်)**





# ဗုံးခွဲမှုသံသယရှိသူကို ထိုင်းရဲတပ်ဖွဲ့ဝင်များ လိုက်လံရှာဖွေ

**ဗန်ကောက် ဩဂုတ် ၃၀**

နိုင်ငံခြားသားတစ်ဦးအား နိုင်ငံကူးလက်မှတ်အတုနှင့် ဗုံးလုပ်ကိရိယာများနှင့်အတူ ဖမ်းဆီးလိုက်ပြီးနောက် ထိုင်းမှုခင်းရဲတပ်ဖွဲ့ဝင်များက ဗန်ကောက်မြို့ နေရာအနှံ့ ရှာဖွေမှုများ ပိုမိုပြုလုပ်လျက်ရှိကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

ဗန်ကောက်မြို့လယ်ရှိ ဟိန္ဒူဘုရားကျောင်း၌ ဩဂုတ် ၁၇ ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ သံသယရှိသူများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ မိုဘိုင်းဖုန်း နံပါတ် ၁၀၀၀ ခန့်နှင့် ပတ်စ်ပို့စ် ၂၀၀ ခန့်ကို စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း ထိုင်းအာဏာပိုင်များက ပြောသည်။ အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀ သေဆုံးခဲ့သည်ဟု ဆိုသည်။

သေဆုံးသူများတွင် နိုင်ငံခြားသား ၁၄ ဦးပါဝင်ရာ တရုတ်နှင့် ဟောင်ကောင်မှ ခုနစ်ဦးပါဝင်သည်ဟု ဆိုသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ထိုင်းနိုင်ငံ၏ စီးပွားရေးကို ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောသည်။ စနေနေ့က ဖမ်းဆီးလိုက်သော အသက် ၂၈ နှစ်အရွယ်ရှိ အဆိုပါနိုင်ငံခြားသားသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိသေးဟုဆိုသည်။

၎င်းအမျိုးသားအား တရားမဝင်လက်နက်များ ကိုင်ဆောင်မှုဥပဒေဖြင့် ဖမ်းဆီးထားသည်ဟု ဆိုသည်။

**(ရိုက်တာ)**

# လေဆိပ်ရှိ ရေဒါစနစ်ကိုအကြမ်းဖက်တိုက်ခိုက်၊ အင်ဂျင်နီယာတစ်ဦး သေဆုံး

**အစ္စလာမ်မာဘတ် ဩဂုတ် ၃၀**

လက်နက်ကိုင်အကြမ်းဖက်အုပ်စုတစ်စုသည် စနေနေ့က ပါကစ္စတန် အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်ရှိ လေဆိပ်မှ ရေဒါအချက်ပြစနစ်ကို တိုက်ခိုက်ကာ လေကြောင်းအင်ဂျင်နီယာတစ်ဦးကို သတ်ဖြတ်သွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။ ပါကစ္စတန် ပြည်တွင်းလေကြောင်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပါဗက်ဇ်ဂျော့က ပြည်နယ် မြို့တော်ကွက်တာမှ ကီလိုမီတာ ၉၈၀ အကွာ ဂျီဝါနီလေဆိပ်ရှိ ရေဒါစနစ်အားတိုက်ခိုက်မှုကို အခိုင်အမာ ပြောဆိုခဲ့သည်။ လျှပ်စစ်ပိုင်းဆိုင်ရာ ကွပ်ကဲကြီးကြပ်သူ ကာလီဒူလာမှာ အဆိုပါ အရေးဏဥ်ီးတိုက်ခိုက်မှု၌ သေဆုံးခဲ့ပြီး အခြားအရာရှိတစ်ဦးဖြစ်သည့် အယ်တက်ဖ်ဟူစိန်မှာ ဒဏ်ရာရရှိခဲ့သည်။ ၎င်းအား ကရာချိဆိပ်ကမ်းမြို့တော်၌ ဆေးကုသမှုပြုလုပ်လျက်ရှိသည်။အကြမ်းဖက်သမားများသည် လေဆိပ်မန်နေဂျာ မက်မိုဒူလာအား ပြန်ပေးဆွဲသွားကြောင်း အာဏာပိုင်များက ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ရေဒါစနစ်ကို ထိခိုက်စေခဲ့သည်ဟု လေကြောင်းအာဏာပိုင်များကပြောသည်။ မည်သည့် အဖွဲ့၏တိုက်ခိုက်မှုဟုပြောဆိုနိုင်ခြင်း မရှိသေးပေ။ အာဏာပိုင်များကမူ ယင်းလုပ်ရပ်နှင့်ပတ်သက်ပြီး အစိုးရဆန့်ကျင်သည့် ဘာလို့ချ်သူပုန်များအပေါ် အပြစ်ဖို့ထားသည်။ ဂွါဒါပြည်နယ်ရှိ ဂျီဝါနီလေဆိပ်ကို အသုံးမပြုတော့သည်မှာ နှစ်အနည်းငယ်ကြာပြီ ဟုဆိုသည်။

**(ဆင်ဟွာ)**

# နယူးဒေလီရှိ လမ်းမတစ်ခုကို ကွယ်လွန်သူသမ္မတဟောင်း၏အမည်ဖြင့်ပြောင်းလဲ

**နယူးဒေလီ ဩဂုတ် ၃၀**

အိန္ဒိယအရာရှိများသည် မြို့တော်နယူးဒေလီအလယ်ဗဟိုရှိ အဓိကလမ်းမ၏အမည်ကို ဒုံးကျည်လူသားအဖြစ် ထင်ရှားသည့် ယခင်အိန္ဒိယသမ္မတအေပီဂျေ အဗ္ဗဒူလ်ကာလမ်၏အမည်ဖြင့် ပြောင်းလဲမှည့်ခေါ်ခဲ့ကြောင်း အိန္ဒိယ သတင်းစာတစ်စောင်ဖြစ်သော The Indian Express က ဩဂုတ် ၂၉ ရက်တွင် ဖော်ပြသည်။

အော်ရန်ဇက်ဘ်လမ်း (Aurangzeb Road) ဟု အမည်ပေးထားသည့် နယူးဒေလီမြို့လယ်ကောင်ရှိ အဆိုပါ လမ်းမအမည်ကို နယူးဒေလီစည်ပင်သာယာရေးကောင်စီက ဩဂုတ် ၂၈ ရက်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်၌ အမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာ ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးက မိမိတို့သမိုင်းရှိအမှားကိုပြုပြင်ရန် လိုအပ်သည်ဟု အဆို တင်သွင်းပြီး ၁၈ ရာစုခေတ်က မူဂါလ်ဧကရာဇ်မင်း၏ အမည်ဖြင့်မှည့်ခေါ်ထားသည့် လမ်းမ၏အမည်ကို ပြုပြင် ပြောင်းလဲရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ မူဂါလ်ဧကရာဇ်မင်း အော်ရန်ဇက်ဘ်ကို သတိရတိုင်း ၎င်း၏အကြင်နာတရား ခေါင်းပါးမှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို အမှတ်ရမိပါကြောင်း၊ ယခုအခါ မိမိတို့သည် ယင်းအကြင်နာ ခေါင်းပါးသည့်လုပ်ရပ်များကို ပြန်ပြီးသတိမရချင်တော့ပါကြောင်း၊ အေပီဂျေအဗ္ဗဒူလ် ကာလမ်၏ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိမှုနှင့် မျိုးချစ်စိတ်ဓာတ်ရှိမှုမှာ ထင်ရှားပါကြောင်း၊ သို့ဖြစ်ရာ မိမိတို့သမိုင်းရှိအမှားကို မိမိတို့အနေဖြင့် ပြုပြင်စေလိုပါကြောင်းဖြင့် ဒေသဆိုင်ရာဥပဒေပြုအမတ်တစ်ဦးဖြစ်သူ မာဟီးရှ်ဂီရိက အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် ဒေလီဝန်ကြီးချုပ်အာဗင့်ကက်ဂျ်ရီဝါလ်ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင် ပို့လိုက်သည်။

**(ဆင်ဟွာ)**

# ယခုလမ်းမကြီး တည်ဆောက်လိုက်ခြင်းသည် မြန်မာနှင့် ထိုင်းအကြား ကုန်သွယ်မှုတိုးတက်စေမည့်အပြင် မဟာမဲခေါင်နိုင်ငံများသာမက အာရှနိုင်ငံများနှင့်လည်း ဆက်သွယ်မှုပိုမိုကောင်းမွန်လာစေမည်

ဘားအံ ဩဂုတ် ၃၀

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်း ၄၅ ဒသမ ၄၅ ကီလိုမီတာ လွှဲပြောင်းပေးအပ်ပွဲနှင့် မြဝတီ-မဲဆောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂) ပန္နက်တင်အခမ်းအနားများသို့ တက်ရောက်သည်။**



ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂)တည်ဆောက်ရေး ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် တံတားပုံစံငယ်ကို ကြည့်ရှုစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

လမ်းသစ် လွှဲပြောင်းပေးအပ်ပွဲကို သဃ်န်းညီနောင်လမ်းဆုံတွင် ကျင်းပရာ ဒုတိယသမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် (ခေတ္တ)ဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမောင်၊ KNU၊ KNU/KNLA(PC)၊ DKBA (KKO)တို့မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr.Somkid Jatusripitak၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၊ ထိုင်းနိုင်ငံ သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Chusak Gayweeနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Chusak Gaywee က မြန်မာ-ထိုင်းချစ်ကြည်ရေး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ယနေ့လွှဲပြောင်းပေးအပ်သည့် ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီ လမ်းမကြီးသည် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်မြို့နှင့် ဆက်စပ်လျက်ရှိသည့်အပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကို ဆက်သွယ်ပေးထားသည့် လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်ရုံမျှသာမက မဟာမဲခေါင်ဒေသ အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းတို့၏ အစိတ်အပိုင်းလည်းဖြစ်ပါကြောင်း၊ ၄၅ ဒသမ ၄၅ ကီလိုမီတာရှည်လျားသည့် ယခုလမ်းမကြီးကို တည်ဆောက်လိုက်ခြင်းသည် မြန်မာနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးလာစေမည့်အပြင် မဟာမဲခေါင်ဒေသအတွင်းရှိ နိုင်ငံများသာမက အာရှနိုင်ငံများနှင့်လည်း ဆက်သွယ်မှု ပိုမို ကောင်းမွန်လာစေမည်ဖြစ်ကြောင်း။

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နီးကပ်သည့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေသည့် ဆက်ဆံရေး တစ်ရပ် တည်ဆောက်ထားခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးတက်လျက်ရှိပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများအနက် အဆင့်(၂)တွင် ရပ်တည်လျက်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ မြဝတီ-ကော့ကရိတ် လမ်းသည် နယ်စပ်ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည့် အဓိကလမ်းကြောင်းတစ်ခုဖြစ်သောကြောင့် ဆက်သွယ်သွားလာမှုကောင်းခြင်းသည် မိမိတို့မျှော်မှန်းထားသည့် ကုန်သွယ်မှုပမာဏကိုရောက်ရှိစေပြီး နယ်စပ်ဒေသနှင့် ယင်းဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက ယနေ့ဖွင့်လှစ်လိုက်သည့် လမ်းသစ်ကြောင့် ကရင်ပြည်နယ်ဆီသို့ ကုန်စည်စီးဆင်းမှု လွယ်ကူခြင်းမှ တစ်ဆင့် တစ်နိုင်ငံလုံးအတွက် အကျိုးခံစားကြရမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းသစ်မှ ဒေသတွင်းနိုင်ငံများအတွက် အကျိုးကျေးဇူးများ မျှဝေခံစားနိုင်ကြမည်ဖြစ်ပြီး အာဆီယံစီးပွားရေးလူ့အဖွဲ့အစည်း (AEC) ဖော်ထုတ်ရေးကို အဓိကအထောက်အကူ ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတရားဝင်လွှဲပြောင်းပေးအပ်မှုမှစ၍ မြန်မာနိုင်ငံအနေဖြင့် လမ်းမကြီးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် တည်မြဲမှုတို့ကို ရှေ့ဆက် တာဝန်ယူကြရမည်ဖြစ်ကြောင်း၊ မျှတသည့် အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းလာစေမည့် အာရှအမြန်လမ်းမကြီးနှင့် ထိုင်း-မြန်မာ ချစ်ကြည်ရေး ပိုမိုတိုးတက်ကောင်းမွန် အခွန့်ရှည်ပါစေကြောင်း ဆန္ဒပြုပြီး ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မြဝတီ-ကော့ကရိတ်ကြားတွင်ရှိနေသည့်လမ်းကို ပိုမိုကောင်းမွန်အဆင်ပြေချောမွေ့စေရန်အတွက် ယခုအမြန်လမ်းကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအဆင့်မြင့်တင် ဖောက်လုပ်ခဲ့သော အမြန်လမ်းသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံကြားတွင်ရှိသည့် လမ်းကြောင်းဖြစ်ပြီး ပြည်တွင်းသာမက နိုင်ငံတကာအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လွယ်ကူလာပြီး မဲဆောက်အထူးစီးပွားရေးဇုန်မှ ထွက်ရှိလာမည့် ကုန်စည်များကို လွယ်ကူချောမွေ့စွာ သယ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး နှစ်နိုင်ငံခေါင်းဆောင်များနှင့် အဖွဲ့သည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ရှေ့တွင် စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ see sang Co.,Ltd. ဥက္ကဋ္ဌက ယာဉ်အလေးချိန် စစ်ဆေးသည့် ကတ္တားနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းပိုင်းမှာ ၁၆ မိုင် ၆ ဖာလုံ အရှည်ရှိပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစတင်ကာ ထိုင်းနိုင်ငံ အကူအညီဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင် ပြီးစီးခဲ့သည်။ အဆိုပါ လမ်းပိုင်းကို ထိုင်းဘတ်ငွေ ၁၁၆၆ သန်း အသုံးပြု တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ရောက်ရှိကြပြီး ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂) ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်ရေးရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် တံတားပုံစံငယ်ကို ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr.Somkid Jatusri-pitak က အရှေ့-အနောက် စီးပွားရေးစင်္ကြံဆက်သွယ်မှုသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြားတွင်ရှိသည့် ပိုမိုတိုးတက်လာမည့် ဆက်သွယ်ရေးလမ်းကြောင်းများအတွက် အဆိုပါတံတားကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းချစ်ကြည်ရေးတံတားသည် မကြာမီ တာ့ခ်ခရိုင်အတွင်း၌ တည်ဆောက်မည့် အထူးစီးပွားရေးဇုန်အတွက်လည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် ထိုင်းနှင့် မြန်မာနိုင်ငံအပြင် နိုင်ငံတကာကုန်သွယ်ရေးကိုလည်း အထောက်အကူဖြစ်ပြီး အာဆီယံအမြန်လမ်းပုံစံအတိုင်း အဆင့်မီတည်ဆောက်မည့် တံတားဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ပန္နက်တင် မင်္ဂလာအခမ်းအနားသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးအတွက် သင်္ကေတမြောက်ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား တည်ဆောက်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာကို မကြာမီ လက်မှတ်ရေးထိုးနိုင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသစ်တစ်ရပ် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)သည် နှစ်နိုင်ငံပြည်သူများအကြား စည်းလုံးညီညွတ်မှု၊ ဆက်ဆံရေးကောင်းမွန်မှုများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ဖော်ဆောင်ပြသနိုင်မည့် မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း။

မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတား အမှတ်(၂)သည် ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ကို ဆက်သွယ်ပေးမည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အရေးပါသော လမ်းကြောင်းပေါ်တွင် တည်ရှိနေပါကြောင်း၊ အဆိုပါတံတားသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအတွက် သာမကဘဲ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ယခုထပ်မံတည်ဆောက်မည့် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားကြီးသည် အိမ်နီးချင်းနှစ်နိုင်ငံကို ပိုမိုနီးကပ်စေရန် ဆက်သွယ်ပေးမှု အပြင် နယ်စပ်ဒေသရှိ ပြည်သူများ အကြား တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ ရင်းပင်းကူညီမှုနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်သော ခံယူချက်များကိုလည်း ချိတ်ဆက်ပေးမည့် တံတားတစ်စင်းဟု ယုံကြည်ပါကြောင်း ပြောကြားသည်။




ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား ပန္နက်တင်အခမ်းအနား၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) စတင်တည်ဆောက်နိုင်ရေးအတွက် စက်ခလုတ်နှိပ်၍ ပန္နက်တင်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂)သည် အရှည် ၂၇၀ မီတာ၊ မြန်မာဘက်ခြမ်း ချဉ်းကပ်လမ်း ၃ ဒသမ ၆၀ ကီလိုမီတာနှင့် ထိုင်းနိုင်ငံဘက်ခြမ်း တံတားချဉ်းကပ်လမ်း ၁၇ ဒသမ ၂၅ မီတာဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သဘင်ဂီတ အနုသုခုမပညာရှင်များ ပွင့်လန်းရာမြေ

**မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတကာအဆင့်မီ အနုပညာဇဟိုဌာန တည်ဆောက်ရန်အတွက် စီမံကိန်းများချမှတ်ခဲ့ပြီး ဩဂုတ်လ ၃၀ ရက်တွင် မန္တလေးမြို့ (၇၃) လမ်းနှင့် (၇၈) လမ်းကြား မင်္ဂလာမန္တလေးတောင်ဘက်ရှိ မြေဧက ၈ ဒသမ ၅၀ ပေါ်တွင် အဆင့်မြင့်အနုပညာဇဟိုဌာန ခုနစ်ထပ်အဆောက်အအုံပန္နက်တင်အခမ်းအနားကို နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့သည်။**

ထိုအနုပညာဇဟိုဌာနတည်ဆောက်ပေးခြင်းဖြင့် အနုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဝင်ငွေများ ပိုမိုရရှိလာစေမည်ဖြစ်ပြီး အနုပညာပိုင်းဆိုင်ရာ ဖျော်ဖြေရေးများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်တော့မည့်အပြင် အရောင်းပြခန်းများ၊ အနုပညာသင်တန်းများကိုပါ ဖွင့်လှစ်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ယင်းအဆောက်အအုံကို မန္တလေးမှ အနုပညာရှင်များက စနစ်တကျစီမံအုပ်ချုပ်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက မှာကြားခဲ့သည်။

**ဦးစိန်မြင့် (ရွှေချည်ထိုးပညာရှင်)**

အနုပညာဗိမာန်ကြီး တစ်ခုတည်ဆောက်ပေးသလိုပါပဲ။ အနုပညာဗိမာန်လို့ ပြောလိုက်တာနဲ့ တစ်ပြိုက်နက် အနုပညာနဲ့ပတ်သက်တဲ့ပညာရှင်တွေ ပညာသည်တွေအားလုံး ပါဝင်ပြီးသားဖြစ်သွားပါတယ်။ အနုပညာဆိုတာ အင်မတန်ကျယ်ဝန်းပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတက ဒါကိုအာရုံပြုပြီး အထက်မြန်မာပြည် အောက်မြန်မာပြည်မှာရှိတဲ့ အနုပညာသည်တွေအတွက် ရပ်ဝန်းလေးတစ်ခုတည်ဆောက်ပေးတယ်လို့ ယူဆပါတယ်။ မြန်မာ့ယဉ်ကျေးမှုကို နိုင်ငံတကာက စိတ်ဝင်စားမှုလည်း ပိုမိုမြင့်တက်သွားမယ်လို့ထင်ပါတယ်။ အနုပညာအားလုံးကိုလည်း တစ်စုတစ်ဝေးတည်း လေ့လာနိုင်မယ့်အပြင် နိုင်ငံတကာပညာရပ်တွေကိုလည်းသိရှိပြီး အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်တော့မှာဖြစ်တဲ့အတွက် မြန်မာ့ရဲ့အနုပညာရပ်တွေကို ကမ္ဘာကပိုမိုသိရှိပြီး မျိုးဆက်သစ်တွေအတွက် အထောက်အကူအများကြီးဖြစ်လာစေမယ့် ဌာနကြီးတစ်ခုပါလို့ ပြောလိုပါတယ်။

**ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန)**

ဒီအဆောက်အအုံကြီးတည်ဆောက်ဖွင့်လှစ်နိုင်ဖို့ ကျွန်မတို့ဌာနအနေနဲ့ လိုအပ်တာတွေကို ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဇဟို



တမ္ပဝတီ ဦးဝင်းမောင်



စည်သူရွှေနန်းတင်



ဒေါက်တာမြင့်ကြူ



ဒါရိုက်တာ မောင်ယဉ်အောင်



ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး)



ဒေါ်ခင်ကြည်ပြာ(ပါမောက္ခချုပ်)

မန္တလေးမြို့တွင် အနုပညာဇဟိုဌာန ယခုကဲ့သို့ ဖွင့်လှစ်တည်ဆောက်ပေးခြင်းအတွက် မြန်မာ့ဇာတ်သဘင်၊ ဂီတ၊ ရုပ်သေး၊ ပန်းဆယ်မျိုးနှင့် အနုပညာရှင်အားလုံး၏ အတွေးစိတ်ကူးများကို တွေ့ဆုံမေးမြန်းခဲ့ရာတွင်

**တမ္ပဝတီ ဦးဝင်းမောင် (မြန်မာဗိသုကာပညာရှင်)**

ဒီစီမံကိန်းကြီးဟာ အလွန်ကောင်းမွန်ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀ လောက်ကတည်းက မန္တလေးမှာတည်ဆောက်ဖို့ အစီအစဉ်ရှိပေမယ့် အခုမှ အကောင်အထည်ဖော်ဖြစ်ခဲ့တာပါ။ ဒီဌာနကြီးဖွင့်လှစ်နိုင်ပြီဆိုတော့ ပန်းဆယ်မျိုးပညာရှင်တွေသာမက အနုပညာရှင်အားလုံးရဲ့ကိုယ်စား ဝမ်းပန်းတသာ ကြိုဆိုပါတယ်။ မြန်မာ့လက်မှုပညာကို ခံစားတဲ့အခါ နိုင်ငံတကာနဲ့ကွာဟနေတာကို တွေ့ရပါတယ်။ ပန်းချီ၊ ပန်းပုဆိုရင်လည်း ကြည့်ရှုသူနဲ့ ဖန်တီးသူကြားမှာ အလှမ်းဝေးလျက်ရှိပါတယ်။ အဓိကအကြောင်းကတော့ ပြသပွဲနေရာ ရှားပါးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ပညာရှင်က တိုးတက်အောင်လုပ်နိုင်ပေမယ့် ကြည့်တဲ့ပရိသတ်က တိုးတက်မှုရှိမလာတဲ့အတွက် ပညာရှင်ကလည်း ပရိသတ်လက်ခံအောင် ရှေ့ကိုသွားချင်ပေမယ့် မြန်မြန်မသွားရဲဘဲ နှေးနှေးသွားနေရပါတယ်။ ကြည့်တဲ့သူရော ဖန်တီးသူပါ ပြိုင်တူဖြစ်လာနိုင်ပြီး မြန်မာ့အနုပညာတွေဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ဒီဌာနကြီးက အထောက်အကူပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**စည်သူရွှေနန်းတင် (သဘင်အစည်းအရုံးနာယက)**

လွန်ခဲ့တဲ့ တစ်လလောက်က နိုင်ငံတော်သမ္မတ မန္တလေးကအနုပညာရှင်တွေနဲ့တွေ့ပြီး မန္တလေးမှာ အဆင့်မီတဲ့ အနုပညာဇဟိုဌာနကြီး တစ်ခုတည်ဆောက်မယ်။ ဦးနန်းတင်တို့ ပါဝင်လှုပ်ရှားပါလို့ ပြောလိုက်တော့ တစ်သက်လုံး မျှော်လင့်လာခဲ့တဲ့ စိတ်ကူးက တကယ်ကို အကောင်အထည်ပေါ်လာတော့မှာဖြစ်တဲ့အတွက် ဘယ်လောက်ဝမ်းသာသလဲလို့မေးရင် ပြောစရာစကားမရှိတော့ပါဘူး။ အနုပညာသည်မှန်သမျှ အားကိုးစရာနေရာတစ်ခုဖြစ်လာတော့မယ့်အပြင် ငါတို့အသက်အရွယ်ကြီးလို့ နေရဦးမယ်ဆိုရင် အနုပညာအလုပ်တွေကို ဒီဌာနကြီးမှာ ဆက်လက်လုပ်ဆောင်ခွင့်ရနေဦးမှာပဲလို့ တွေးနေပြီး အခုလိုချီးမြှင့်ပေးသူတွေကို ကျေးဇူးတင်တာပေါ့ကွယ်။ ဒီနေ့မှာပဲ ဒီအဆောက်အအုံကြီးရဲ့ ပန္နက်တင်အခမ်းအနားကြီးကို နိုင်ငံတော်သမ္မတကိုယ်တိုင် ဂရုတစိုက်ကြွရောက်ပေးတဲ့အပြင် တို့တွေကိုယ်တိုင်လည်း တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူကျေနပ်နေတာပါ။ ပေးသောလက်နှင့် ယူသောလက် မျှတကြပါစေ။ ဒီဌာနကြီး အဓွန့်ရှည်တည်တံ့၍ ကောင်းမြတ်သော ရွှေမြန်မာနိုင်ငံတော်ကြီးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။

ဒီဌာနကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်းက ကျွဲကူးရေပါဆိုသလို ကျွန်တော်တို့ အနုပညာသည်အချင်းချင်းသာမက နိုင်ငံတကာနဲ့လည်း ယဉ်ကျေးမှုတွေ ချိတ်ဆက်ဖလှယ်နိုင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အထက်အောက် အနုပညာရှင်အချင်းချင်း ဒီမှာလာပြီး ပူးပေါင်းဆွေးနွေးနိုင်မယ်။ ပညာဖလှယ်နိုင်မယ်။ မျိုးဆက်သစ်တွေကလည်း ဝါရင့်အနုပညာဆရာကြီးတွေရဲ့ လက်ရာတွေကို တစ်စုတစ်ဝေးတည်း မြင်တွေ့လေ့လာနိုင်မယ့် အခွင့်အရေးတွေကို ရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကပွဲတွေ၊ ပြဇာတ်တွေ၊ ပန်းချီ၊ ပန်းပုပြပွဲတွေ လုပ်နိုင်တော့မှာဖြစ်လို့ အနုပညာပန်းတွေ ပွင့်လာတော့မှာဖြစ်ပါတယ်။ ဒီဌာနကြီးတည်ဆောက်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့အတွက်လည်း တာဝန်တစ်ခုလိုဖြစ်လာပြီလို့ ခံယူပါတယ်။ မိဘကပေးလိုက်တဲ့ ပညာအမွေကို သား၊ သမီးတွေက ထူးချွန်ထက်မြက်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်လူငယ်တွေအတွက် အမွေကောင်းတစ်ခုဖြစ်တဲ့ ဒီအနုပညာ ဇဟိုဌာနကြီးကို ကျွန်တော်တို့က စုစုစည်းစည်းနဲ့ တိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုအပ်ပါတယ်လို့ အကြံပြုလိုပါတယ်။

**ဒါရိုက်တာ မောင်ယဉ်အောင် (ပြဇာတ်နှင့် ရုပ်ရှင်ဇာတ်ညွှန်းဒါရိုက်တာ)**

ကျွန်တော်တို့အတွက် လုပ်ပေးတာဖြစ်တဲ့အတွက် အလွန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့လောကကို အဆင့်မြှင့်တင်ပေးတယ်လို့လည်း ပြောလို့ရပါတယ်။ အနုပညာရှင်တွေဘက်ကလည်း ဒီလိုတည်ဆောက်ပေးတာနဲ့ထိုက်တန်အောင် ကြိုးစားကြရမှာပေါ့ဗျာ။ ဒါကလည်း ရိုးရာကိုအခြေခံတဲ့ ဖျော်ဖြေပြသပေးဖို့နေရာရှားပါးမှုတွေကြောင့် ကျွန်တော်တို့ပညာရပ်တွေနဲ့ သိပ်အလှမ်းဝေးနေလို့ အလုပ်မဖြစ်ကြတော့ဘူး။ ဒါကြောင့် အခုလိုအခွင့်အရေးရတုန်းမှာ အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားကြဖို့လိုပါတယ်။ မျှော်လိုက်နေလို့ မရဘူးဆိုတာကို သတိထားရမှာပါ။ ကျွန်တော်တို့ မန္တလေးအတွက် ဒီလို အဆောက်အအုံကြီးတည်ဆောက်ပေးခဲ့သလို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဖို့လည်း ကျွန်တော်တို့မှာ တာဝန်ရှိလာပါပြီ။ စီမံကိန်းက အစိုးရတာဝန်၊ အကောင်အထည်ဖော်ရမှာက အနုပညာရှင်တွေရဲ့ လက်ထဲမှာပေါ့ ကျွန်တော်တို့လက်ထဲကို ရောက်လာတဲ့ အခွင့်အရေးလေးကိုတော့ တိုးတက်အောင်၊ နိုင်ငံရဲ့ယဉ်ကျေးမှုမြင့်မားအောင် ကျွန်တော်တို့ အနုပညာရှင်အားလုံး ညီညွတ်စွာ စီမံခန့်ခွဲပြီး ဆောင်ရွက်ကြမှာပေါ့ဗျာ။

**ဒေါ်ခင်ကြည်ပြာ(ပါမောက္ခချုပ်)**
**(အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် - မန္တလေး)**

ဒီအနုပညာဇဟိုဌာနကြီး ရှိလာတော့မယ့်အတွက် ကျွန်မတို့တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေအတွက် လေ့လာသင်ယူမှုအခွင့်အလမ်းတွေ ပိုမိုရနိုင်တော့မှာပါ။ သူတို့ရဲ့ စွမ်းရည်တွေကိုလည်း စမ်းသပ်လေ့ကျင့်နိုင်မယ်။

ဌာနဆိုတဲ့အတိုင်း အနုပညာနဲ့ပတ်သက်လို့ ဖျော်ဖြေတင်ဆက်ပြသမှုအားလုံးနဲ့ လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်တွေအားလုံး အဆင်ပြေစေဖို့အတွက် အဆင့်မီ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာမှုလက်ရာပစ္စည်းတွေနဲ့ ရိုးရာအစားအစာတွေကအစ ရောင်းချပေးမယ့်နေရာတွေပါ စီစဉ်သွားမယ်လို့ သိရပါတယ်။ ဖျော်ဖြေတင်ဆက်မှုအပိုင်းမှာလည်း နိုင်ငံတကာမှာရှိတဲ့ ဇာတ်ရုံတွေရဲ့ နည်းစနစ်တွေအတိုင်း ထည့်သွင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ လက်မှုအနုပညာတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ထွန်းကားခဲ့တယ်ဆိုတာ ကျောက်စာမှတ်တမ်းတွေနဲ့ အထောက်အထားတွေအရ ခိုင်မာစွာရှိခဲ့တဲ့အတွက် ဒါတွေကို မျိုးဆက်သစ်တွေ လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းစောင့်ရှောက်နိုင်စေဖို့ရည်ရွယ်ပြီး ဒီလိုဌာနကြီးတွေ ရန်ကုန်နဲ့ မန္တလေးမှာ တည်ဆောက်ပြီး ရိုးရာယဉ်ကျေးမှုအနုသုခုမလက်ရာတွေကို ပြသပေးခြင်း ဖြစ်ပါတယ်။ ဒါမှလည်း မျိုးဆက်သစ်လူငယ်တွေတို့ရဲ့ယဉ်ကျေးမှု အနုပညာလက်ရာတွေဟာ ဒီလိုအဆင့်အတန်းမြင့်မားခဲ့ပါလားလို့ သိရှိတန်ဖိုးထားတတ်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**ဒေါက်တာမြင့်ကြူ(ဘဏ္ဍာရေးဝန်ကြီး-မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

မြန်မာ့အနုပညာဇဟိုဌာနကြီးကို မန္တလေးမှာတည်ဆောက်တာကတော့ နိုင်ငံတော်သမ္မတကြီးက အနုပညာသမားတွေကို ချီးမြှောက်တဲ့ သဘောပါပဲ။ ဒီလုပ်ငန်းနဲ့ အသက်မွေးတဲ့သူတွေ အလွန်အဆင်ပြေမယ့်နေရာကြီးတစ်ခု ပေါ်ပေါက်လာတယ်လို့ပဲမြင်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုအနုပညာတွေဟာ အလွန်အဆင့်အတန်းမြင့်မားပါတယ်။ ဒါတွေကို တစ်စုတစ်ဝေးတည်း ထုတ်ဖော်ပြသဖို့ နေရာလိုအပ်နေပါတယ်။ မန္တလေးမှာက ခေတ်သုံးခေတ်ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ အများဆုံးရှိနေတာပါ။ ဒါကြောင့် မြန်မာရဲ့ အဆင့်အတန်းမြင့်မားလှတဲ့ယဉ်ကျေးမှုလက်ရာတွေကို နိုင်ငံတကာက လာရောက်လေ့လာသူတွေ အလွယ်တကူ လေ့လာလို့ရအောင် စီစဉ်ပေးတာ ဖြစ်ပါတယ်။ ရန်ကုန်မှာလည်း ရန်ကုန်ဝင်ပေါက်ကနေဝင်လာတဲ့ နိုင်ငံခြားသားတွေရယ်၊ ရန်ကုန်မှာရှိကြတဲ့ မြန်မာမှုပညာရှင်တွေအတွက်လည်း လိုအပ်တဲ့အတွက် ရန်ကုန်၊ မန္တလေးတစ်ပြိုင်နက်တည်း ဒီဌာနကြီးနှစ်ခုကို တည်ဆောက်ပေးတာဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာတော့ အဆင့်မီ အဆောက်အအုံကြီးဖြစ်အောင် တည်ဆောက်ပေးမှာပါ။ ဒီလိုဆောင်ရွက်ပေးခြင်းဖြင့် လူငယ်တွေရဲ့ စိတ်ထဲမှာလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာတွေကိုသိရှိပြီး တန်းဖိုးထား မြတ်နိုးလာမယ်လို့ထင်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာအဆောင်အမှတ် (I-2) တွင် "မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့သည်။

အစည်းအဝေးတွင်ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က "လွှတ်တော်အစည်းအဝေးများ ရပ်နားလိုက်ပြီးဖြစ်သော်လည်း မိမိတို့ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးရန် ကျန်ရှိနေသေးသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပနေရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသောကော်မတီ၊ ကော်မရှင်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးသွားကြရန်ဖြစ်ပါကြောင်း" ပြောကြားသည်။

မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို "၁၉၇၃ ခုနှစ်၊ အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်၍ ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုရှိစေရန် စကားရပ်များပြင်ဆင်ခြင်း၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်မှ နိုင်ငံကူးသင်္ဘောဖြတ်သန်းခ ဝင်ငွေများရရှိစေရေး၊ မီးပြတိုက်များကို အဆင့်မြှင့်တင်ရေးနှင့် ရေနက်ဆိပ်ကမ်းကြီးများ အသစ်ပေါ်ပေါက်လာပါက ဝန်ကြီးဌာန၏ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့နိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့်အဖွဲ့ဝင်များ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးအေးဖေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဝင်းသိမ်း၊ ဦးသန်းမောင်နှင့် ဦးဆန်းလင်း၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းအဖွဲ့အစည်းနှင့် ထိုင်းနိုင်ငံရောက် မဟာချိုင်/ဘန်ထိုလတ် အခြေစိုက် မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် လ ၂၆ ရက်က လှည်းကူးမြို့ မက်စ်ခါတ်ဆီဆိုင်ခန်းမတွင် ဧရာဝတီဖောင်ဒေးရှင်းနှင့် Tomorrow ဂျာနယ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီး(ငြိမ်း) ဦးညွန့်ဆွေ၊ ထိုင်းကာကွယ်ရေးဦးစီးချုပ်(ငြိမ်း)ထိုင်းမြန်မာယဉ်ကျေးမှုနှင့်စီးပွားရေးပူးပေါင်းရေးအဖွဲ့အစည်း(စမာခုံ)ဥက္ကဋ္ဌ ထိုင်းကာကွယ်ရေးဦးစီးချုပ်(ငြိမ်း) ဗိုလ်ချုပ်ကြီး ချက်ထာကိုယ်စား အဖွဲ့ခွဲဥက္ကဋ္ဌ မစ္စစ်ဖတ်ချရီပွန်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘိုဝင်းတို့က လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဓမ္မသုခကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တရေဝတထံမှ သီလဆောက်တည်ကြပြီး ရေဘေးသင့်ပြည်သူများအတွက်ဆန် ၄၁၆ အိတ်၊ အဝတ်အစား ၇၇၄ အိတ်၊ ငါးသေတ္တာ၊ အသင့်စားခေါက်ဆွဲထုပ်များနှင့် ဆေးဝါးများ၊ တန်ဖိုးငွေကျပ်သိန်း ၃၀၀ ကျော်ရှိသော ပစ္စည်း ၃၁ မျိုးကို ရေဘေးသင့်ဒေသသို့ သွားရောက်လှူဒါန်းမည့် ဧရာဝတီဖောင်ဒေးရှင်းနှင့် Tomorrow ဂျာနယ်မှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့မှုပစ္စည်းများကို ဩဂုတ် ၂၇ ရက်က မြန်မာလုပ်သမားများ ကူညီထောက်ပံ့ရေးအဖွဲ့၊ ဧရာဝတီဖောင်ဒေးရှင်းနှင့် Tomorrow ဂျာနယ်မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ ရေနစ်မြုပ်သည့် ရွှေညောင်ပင်၊ လင်းတာကျ၊ ဒါးကညောင် ကုန်း၊ ဇီးပင်ကွင်း၊ သမင်ကုန်း၊ ဝန်ဒေါင်ကြီး၊ ကင်းတပ်ကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြပြီး ထိုင်းနိုင်ငံ မြန်မာအလုပ်သမားများ လူမှုကူညီထောက်ပံ့ရေးအဖွဲ့က ဧရာဝတီဖောင်ဒေးရှင်းမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် စားသုံးဆီများ ဝယ်ယူထောက်ပံ့ရန် ငွေကျပ်သိန်းလေးဆယ်ကို ထပ်မံလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၃၀**

တူရကီနိုင်ငံမှ TIKA (Turkish Cooperation and Coordination Agency)နှင့် မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့မှပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေဘေးသင့် ဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် အခြားနေရာဒေသရှိ ရေဘေးသင့်ပြည်သူများအား ပူးပေါင်းကူညီထောက်ပံ့ကြရန် စီစဉ်ထားကြောင်း သိရသည်။

တူရကီနိုင်ငံဆိုင်ရာ TIKA ၏ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီးချုပ်ရုံးမှ မြန်မာညှိနှိုင်းဆောင်ရွက်ရေးမှူး (ဌာနေညွှန်ကြားရေးမှူး) မိုက်ကယ်တက်စ်ဒီမာ (Mikail TASD-EMIR)က "ကျွန်တော်တို့ အေဂျင်စီက မြန်မာနိုင်ငံကိုရောက်ရှိခဲ့တာ ငါးနှစ်ရှိပါပြီ၊ မြန်မာနိုင်ငံက လူမျိုးဘာသာမရွေး အခက်အခဲဖြစ်နေသူများကို ကူညီဆောင်ရွက် ပေးလျက်ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရေဘေးသင့်ပြည်သူများကို လာရောက်ကူညီခြင်းလည်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာတော့ ဟိုးအရင်တုန်းကတည်းက လှူဒါန်းမှုတွေ တောက်လျှောက်လုပ်ခဲ့တာ ငါးနှစ်ရှိခဲ့ပါပြီ။ ဒီက ရေဘေးသင့်ပြည်သူများ အမြန်ဆုံး ပုံမှန်ဘဝ အခြေတကျ နေထိုင်နိုင်ဖို့လည်း မျှော်လင့်မိပါတယ်။ မြန်မာနိုင်ငံ အစိုးရက ဒီရေဘေးသင့်ပြည်သူများအတွက် ကြိုးစားကူညီပေးနေတာကို မီဒီယာများမှလည်း တွေ့ရပါတယ်။ အစိုးရနဲ့လည်း ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ပြီး ကူညီသွားဖို့ အစီအစဉ်ရှိပါတယ်။ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း ကျွန်တော်တို့နိုင်ငံရဲ့ ကူညီထောက်ပံ့မှုကို ခွင့်ပြုမှုနဲ့ အခြားလိုအပ်မှုများကို ကူညီပေးမယ်ဆိုရင် ကျွန်တော်တို့ တူရကီနိုင်ငံအစိုးရအနေနဲ့ ကူညီထောက်ပံ့သွားဖို့ အဆင်သင့်ပါပဲ"ဟု ပြောကြားသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ပထမအကြိမ် အမေရိကန်ဒေါ်လာ ၄၅၆၇၄ ဒေါ်လာ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အစားအစာများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၂၇ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြပြီး ဒုတိယအကြိမ်မြောက် အနေဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက်လည်း အမေရိကန်ဒေါ်လာ ၁၁၉၇၇ ဒသမ ၅၀ ဒေါ်လာတန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အစားအစာများကို ဩဂုတ် ၂၉ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စိုးဝင်း(SP)**

# ရေဘေးသင့်ဒေသများ ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဩဂုတ် ၃၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team )များသည် MSF အဖွဲ့၊ Mercy Malaysia အဖွဲ့များနှင့်ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဇီးကုန်းကျေးရွာ၊ လက်ပံချောင်းကျေးရွာ၊ မြလင်းကျေးရွာ၊ အောင်မင်္ဂလာရပ်ကွက် ကင်ပွန်းခြံကျေးရွာ၊ အူဒူးကျေးရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီးစောင့်ကြပ်ကြည့်ရှုခြင်း၊ ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(Rapid Response Team)များသည် Health Cluster meeting ကျင်းပခြင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး ၊ သွန်၊ လဲ၊ စစ် စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့သည် ကလေးမြို့နယ် မြစိမ်းရွာနှင့် နန်းကျင်းဆောင်ရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ဆေးကုသမှုပေးခြင်း၊ကျန်းမာရေးပညာပေးခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ယာယီဆေးခန်းပေါင်း ၁၄ ခုနှင့် ရွေ့လျားဆေးခန်းပေါင်း ငါးခုဖွင့်လှစ်ကာ ဆေးခန်းလာပြသူလူနာ ၁၀၇၆ ဦးအား ဆေးကုသမှုပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ်မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျှော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန် -**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



❖ ကျော်ဖုံးမှ

ဒေသခံ တောလိုက်မုဆိုးများက တွီခိုင်ဇန်ရွာအထက်ပိုင်းရှိ တောင်ပေါ်နေရာများ၌ မြေပြိုပြီး ရေကန်ကြီးဖြစ်ပေါ်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ၎င်းမုဆိုးများမှတစ်ဆင့် ကြားသိရသူများက ခရိုင်ရေဘေးကွပ်ကဲမှုရုံးကို ပြောကြားခဲ့သော်လည်းမယုံကြည်ကြကြောင်း စသည်ဖြင့် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အခြေအနေများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့ရှိနေရသည်။

အဆိုပါ ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်နေရာကို စစ်ဆေးသင့်ကြောင်း၊ ခြေကျင်သွားရောက်လျှင် ခက်ခဲနိုင်သည့်အတွက် ရိက္ခာပို့ရဟတ်ယာဉ်များဖြင့် စစ်ဆေးကြည့်ရှုသင့်ကြောင်း၊ ယခုထက်ကြီးမားသည့် ရေကန်တစ်ခုလည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်အနီးတွင် ရှိနေသေးကြောင်း၊ မြလင်းအနီးမှ မြွေတောင်နှင့် ဖားတောင် နေရာအချို့တွင်လည်း မြေပြိုမှုများ ဖြစ်ပွားနေကြောင်း စသည်ဖြင့် ဒေသခံပြည်သူများအကြား ပြောဆိုနေကြပြီး စိုးရိမ်မှုများ တိုးပွားလျက်ရှိကြောင်း သိရသည်။

မိုးရာသီတွင် ပုံမှန်စီးဆင်းလေ့ရှိသော ဆည်တော်ရွာအနီးရှိ မြောင်းချောင်းသည်လည်း ယခုအခါ ရေစီးမှုမရှိတော့သည်မှာ နှစ်ပတ်ခန့်ကြာပြီဖြစ်ကြောင်း ဒေသခံများနှင့် ဆက်သွယ်သိရှိရသည်။ ယင်းချောင်းအထက်ပိုင်းတွင် မြေပြိုမှုများစွာ ဖြစ်ပွားခဲ့ကြောင်းလည်း သိရှိရသည်။

ယခုပုံတွင်ပြထားသော စစ်ဆေးရန်လိုအပ်သည့်နေရာမှာ မဏိပူရမြစ်၏ လက်တက်ဖြစ်သော Pao va ချောင်းရှိ ယခင်ချောင်းရေအိုင်ကဲ့သို့သော ရေပြင်ကျယ်နေရာမှ Landslide Dam အသွင်ပြောင်းနေသည်ဟု ရေဒါဓာတ်ပုံတွင် ယူဆရသော နေရာဖြစ်သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တော်ရွာအထက်ရှိ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် စစ်ဆေးရန်လိုအပ်သည့် သဘာဝအလျောက် ဖြစ်ပေါ်လာသော ရေကန် (Landslide Dam) နေရာအား ယူတီအမ်မြေပုံတွင် တွေ့မြင်ရပုံ**




**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တော်ရွာအထက်ရှိ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် စစ်ဆေးရန်လိုအပ်သည့် သဘာဝအလျောက်ဖြစ်ပေါ်လာသောရေကန် (Landslide Dam) နေရာပြ ရေဒါပုံရိပ် ဂြိုဟ်တုဓာတ်ပုံ**




ရှင်းလင်းချက်
- ရေအိုင်ဖြစ်ပေါ်နေသော နေရာ
- မူလစီးဆင်းနေသော ချောင်း

ထို့ကြောင့်လည်း ဒေသခံများက သွားရောက်ကြည့်ရှုစစ်ဆေးရန် စီစဉ်နေကြကြောင်း၊ ယင်းနေရာသည် ဆည်တော်ရွာနှင့် အလှမ်းဝေးသော်လည်း မြေပြိုခဲ့လျှင် ရေများအရှိန်အဟုန်ဖြင့် ကျဆင်းလာနိုင်ပြီး ၎င်းတို့ရွာမှာ ရေဘေးအန္တရာယ် ကြုံတွေ့နိုင်ခြင်းကြောင့် စိုးရိမ်နေကြခြင်းဖြစ်သည်။

သဘာဝ မြေပြိုမှုများကြောင့် ကျဉ်းမြောင်းသော ချောင်းမြောင်းများ ပိတ်ဆို့ကာ ဆည်ကဲ့သို့ရေများ စုဝေးနေရာမှ ရေမထိန်းနိုင်သည့်နောက်ဆုံး အခြေအနေတွင် မြေပြိုကျကာ ယာယီသိုလှောင်ခဲ့သော ရေများသည် ရွှံ့နွံများ၊ အမှိုက်သရိုက်များ၊ ဒိုက်များနှင့်အတူ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ရေစီးကြောင်းအောက်တစ်လျှောက်ရှိ ကျေးရွာများ၌ ပျက်စီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ တောင်တန်းဒေသများတွင် ရေခဲအိုင်များ ကျိုးပျက်ခြင်းဖြင့် တောင်ကျရေကြောင့် အန္တရာယ်ဖြစ်ပွားသကဲ့သို့ အန္တရာယ်ကြီးမားကြောင်း နှိုင်းယှဉ်သိရှိရသည်။

ထို့ကြောင့် အဆိုပါနေရာကို တာဝန်ရှိသူများက သွားရောက်စစ်ဆေးမှုများ ပြုလုပ်ရန် ဒေသခံများက လိုလားလျက်ရှိသကဲ့သို့ လေ့လာတွေ့ရှိရသည့် အချက်အလက်များကိုလည်း ဒေသခံပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်လည်း လိုအပ်ကြောင်း သုံးသပ်မိသည်။

ကြိုတင် ကာကွယ်မှုသည် အကောင်းဆုံးဖြစ်၍ အကြောင်းရင်းမျိုးစုံဖြင့် ရေကန်များဖြစ်ပေါ်နေသည်ဆိုပါက ရေများစွာမစုဝေးမီ၊ ကျိုးပေါက်မှုမရှိချိန်၌ ကြိုတင်ဖောက်ထုတ်ခြင်းမျိုးဖြင့် စနစ်တကျစီမံဆောင်ရွက်ကြရပေမည်။

တောင်ကျ ချောင်းများတစ်လျှောက်ရှိ ကျေးရွာများအနေဖြင့်လည်း ထူးခြားမှုများကို သတိပြုမှုနှင့်အတူ နိုးကြားသော အသိရှိမှုဖြင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါကြောင်း --------------။

**မောင်မောင်သန်း**

## ကုက္ကိုဝမြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေလမ်းကြောင်းသတ်မှတ်

၁။ တည်ဆောက်ဆဲ ကုက္ကိုဝမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းအား အစုန်အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃) အကြားမှ သတ်မှတ်ပေးထားပါသည်။

၂။ သတ်မှတ်ထားသော ရေလမ်းကြောင်း၏ ရေလမ်းအကျယ်မှာ ပေ ၃၀၀ ရှိပါသည်။ ရေလယ်တိုင် တည်ဆောက်ရေးရေယာဉ်များတွင် ရေလမ်းညွှန်အမှတ်အသားများကို ပြည့်စုံစွာ ပြသထားသည့်အပြင် ညအချိန် ရေလယ်တိုင်များကို မြင်သာစေရန်အတွက် မီးထွန်းပြသထားပါသည်။

၃။ တံတားတည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် နေ့၊ ညလုပ်ငန်း ဆောင်ရွက်လျက်ရှိသဖြင့် ဖြတ်သန်းသွားလာသောရေယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ည ၁၀ နာရီမှ နံနက် ၆ နာရီအတွင်း ဖြတ်သန်းခြင်းမပြုကြရန် ဖြစ်ပါသည်။

၄။ တံတားရေလမ်းများအား ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် သတ်မှတ်ရေလမ်းအတွင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ပုတာအိုမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၀၀ လက်မနှင့်ခန္တီးမြို့တွင် ၁ ဒသမ ၈၁ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက**
**၂၀၁၅ ခုနှစ် ဩဂုတ် ၃၀ ရက်**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၁၂၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၄၄၉၃ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၈၃၇၅ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၁၄၀၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၇၄၀၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၅၁၁ | ၇၆၉၄၁ | ၅၆၄၈၆ | ၆၆၃၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၄၁၉၉၅ | ၂၄၉၆၂၇ | ၂၀၄၂၄၅ | ၁၀၄၀၆ |
| | စုစုပေါင်း | ၁၄၄၆၆၈၉ | ၁၃၆၅၉၆၉ | ၁၁၀၇၈၁၄ | ၈၃၆၉၃၄ | ၃၅၅၇၄၀ |

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်



**နေပြည်တော် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများအတွက် ကယား ပြည်နယ် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကယားပြည်နယ် စေတနာရှင်ပြည်သူများက လှူဒါန်းသော လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း သုံးတန်ခန့်ကို နေပြည်တော်ဘူတာမှ အမှတ်(၂) အစုန်တွဲအမှတ် GVHV-40027 ဖြင့် ဩဂုတ် ၂၈ ရက် ည ၇ နာရီက ထွက်ခွာခဲ့ရာ ပဲခူးဘူတာသို့ ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီအဖွဲ့များမှ နီဆန်းထရပ်ယာဉ် ၁၂ ဘီးယာဉ်တစ်စီးဖြင့် သယ်ဆောင်၍ ပဲခူးတိုင်းဒေသကြီး သာသနာ့ဗိမာန်သို့ ပို့ဆောင်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လက်ခံယူ၍ ယင်းပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးမှ ပြည်တွင်း ပြည်ပမှ အလှူရှင်များက ပေးပို့လှူဒါန်းထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးသို့ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲ မော်တော်ယာဉ် ၁၄ စီးဖြင့် ပို့ဆောင်ခဲ့ရာ ဩဂုတ် ၂၈ ရက် နံနက် ၅ နာရီတွင် ရောက်ရှိခဲ့ပြီး ကလေးဝမြို့သို့ ဆက်လက်ပို့ဆောင်ပေးရန် မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းရှိ အေးချမ်းခွန်အား (၁) ရေယာဉ်ပေါ်သို့ တင်ဆောင်ပေးခဲ့ပြီး ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် ကလေးဝမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၃၀ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၃၀ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၀၆၃၀ စုမှ လူဦးရေ ၁၆၃၁၆၇၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၇၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၆၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၆၁၁၄၉၉၄၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့်တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင်ရေးအတွက် | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၉ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၄ | ၃၃၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | | ၁၁၅၇၇၄၄၅၀ | |
| ၂ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၄၂၈၃၄၇၃၅ | ၆၁၂၉၅၂၉၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၁၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၈၂၀ | ၄၂၆၉ | ၂၁၆၁၈ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၂၈၁၈၉၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၈၇ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၇၆၇၅ | ၄၀၀၄၀၄ | ၁၆၁၆၇၆၁ | ၁၁၅ | ၈၄၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၈၀၈၉၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၉၉၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၇၉၇၁၀၄၂၃၀ | |
| | **ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း** | **၁၈၀၈၀** | **၄၀၂၅၅၀** | **၁၆၃၁၆၇၂** | **၁၂၂** | **၈၇၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၁၂၁၁၉၀၀၀၀** | **၃၃၃၁၁၇၂၉၀** | **၁၀၆၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၆၁၁၄၉၉၄၀** | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၅၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၅၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၈၈' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၅၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၅၅' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၅၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၉၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဥ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၈၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၈၀' |
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၀၀' |
| ၂၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၂၇။ | ဘန့်ဘွေးကုန်း ရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၂၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၂၉။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၈၀' |
| ၃၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

**(သတင်းစဉ်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၀ -** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် မိုးဆက်လက်ပိုနေမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

# ရေဘေးသင့်ပြည်သူများအတွက် တိုင်းရင်းဆေးများနှင့် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် သဘာဝဘေးသင့်ပြည်သူများအတွက် တိုင်းရင်းဆေးများနှင့် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ မိသားစု ထွန်းရွှေဝါတိုင်းရင်းဆေးထုတ်လုပ်ရေးက ၁၃၃ ဒသမ ၂၈ သိန်းခန့်တန်ဖိုးရှိသော ထွန်းရွှေဝါတိုင်းရင်းဆေးခြောက်မျိုး၊ ဦးဝင်းထိန်ကျော် (ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)-ဒေါ်ခင်မာညို(ဦးစီးအရာရှိ)မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ချင်းနှင့် ရခိုင်တွင် လမ်းပန်းဆက်သွယ်ရေးပြန်လည်သွားလာနိုင်

**နေပြည်တော် ဩဂုတ် ၃၀**

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးဒဏ်သင့်သည့် ချင်းပြည်နယ်အတွင်းရှိ ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်-မောင်တောလမ်း လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ဟားခါးမြို့နယ်ရှိ မြေပြိုပျက်စီးအိမ်များအတွက် ပစ္စည်းများထောက်ပံ့

**ဟားခါး ဩဂုတ် ၃၀**

ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာရှိ မြေပြိုပျက်စီးအိမ် ၁၄ လုံးအတွက် အိမ်ဆောက်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟားခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ညှိနှိုင်းရေးမှူး ဦးကျော်ဆန်းဝင်းနှင့် တာဝန်ရှိသူများက အိမ်ဆောက်ပစ္စည်းသုံးထုပ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၄ ပုံးနှင့်အတူ အခြား အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြရာ သဘာဝဘေးသင့် မိသားစုဝင်များက လက်ခံယူကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်မှ ဟားခါးမြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ယနေ့အထိ ထောက်ပံ့မှုမှာတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ပုံး ၆၀၀၊ မိုးကာအလိပ်၂၀၊ ဆန်အိတ် ၂၄ ပြည်အိတ် ၂၀၀၊ အိမ်မိုးသွပ်ပြား (၈×၂)ပေခွဲ အချပ် ၂၅၀၀၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း အိတ် ၁၀၀၀၊ ရေသန့်ဆေးပြား ထုပ် ၂၁၆၀၀ နှင့် ဓာတ်ဆားထုပ် ၆၃၀၀ ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**






# ရေဘေးသင့်ပြည်သူများနှင့် မြေပြိုမှုခံစားနေရသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃၀**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြေပြိုမှုခံစားနေရသော ပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် ပြည်တွင်းအလှူရှင်များက လှူဒါန်းသည့် ဆန်အိတ် ၆၅၀၊ ပလတ်စတစ်ပစ္စည်းပုံး ၁၄၃ ပုံး၊ ကြက်ခြေနီပုံး ငါးပုံးတို့ကို Skat ယာဉ် သုံးစီးနှင့် ဟိုင်မွန်ဂျစ်ခြောက်စီးတို့ဖြင့် ကလေးမြို့မှ ဟားခါးမြို့သို့ ဩဂုတ် ၂၇ ရက်က ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ထို့အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးသို့ ပေးပို့လှူဒါန်းမည့် တိရစ္ဆာန်အစာ အိတ် ၁၂၈၀ ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ပဲခူးဘူတာမှ ပျဉ်းမနားဘူတာသို့ တင်ဆောင်ထွက်ခွာခဲ့သည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ လေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃၀**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကျောင်းစိမ်းဝတ်စုံနှင့် စားစရာမျိုးစုံတို့ကို တစ်ခေါက် ပေးပို့ခဲ့ကြောင်း သိရသည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ရွက်ဖျင်တဲ၊ စောင်နှင့် လျှပ်စစ်မီးအားပေးစက်များပါဝင်သော စုစုပေါင်း ကုန်တန်ချိန် ၅၂ ဒသမ ၂၈၁၀၆ ကို တရုတ်တပ်မတော်မှ (IL-76) လေယာဉ် ခေါက်ရေ နှစ်ခေါက်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများရှိရာ ဒေသများကို ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်လျော့ပါးရေး ပညာပေးဆွေးနွေး

**ဘိုကလေး ဩဂုတ် ၃၀**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိသောဒေသများတွင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ နယ်လှည့်အသိပညာပေးအဖွဲ့ ဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် JICA မှ ပရောဂျက်မန်နေဂျာနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်း၊ ဆူနာမီအစရှိသော သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှု၊ ချိတ်ဆက်ဆောင်ရွက်မှု၊ ပြန်လည်ထူထောင်ရေးအစရှိသော လုပ်ငန်းစီမံချက်များ ရှင်းလင်းဆွေးနွေးခြင်း၊ ပညာပေးနှင့်လေ့လာသည့်နေရာအဖြစ် ဘိုကလေးတင့်အောင် စာကြည့်တိုက်ကို ရွေးချယ်ထားရှိမှုအခြေအနေကို ရှင်းလင်းပြောကြားခြင်းနှင့် တက်ရောက်လာသူများက အစုအဖွဲ့များဖွဲ့၍ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ ဆရာ ဆရာမများ၊ NGO အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**မော်လမြိုင် ဩဂုတ် ၃၀**

မွန်ပြည်နယ် ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီက အလှူငွေကျပ်သိန်း ၁၀၀ ထည့်ဝင်၍ မွန်ပြည်နယ်အတွင်းရှိ ၁၀ မြို့နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ ကျိုက်ထီးရိုးတောင်တက်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ မော်လမြိုင်မြို့နယ် ကုန်တင်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ မော်လမြိုင်မြို့နယ် စင်းလုံးငှားယာဉ်ငယ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ စုပေါင်းလှူဒါန်းသော ရေဘေးကူညီလှူဒါန်းမှုအဖြစ် ငွေကျပ် ၄၈ သိန်းတန်ဖိုးရှိ ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၈၀ စုစုပေါင်း ငွေကျပ် ၁၂၈သိန်းကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ကျေးရွာပေါင်း ခြောက်ရွာသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါလှူဒါန်းမှုကို မွန်ပြည်နယ် ယာဉ်လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထိုက် ဦးဆောင်သော ကော်မတီဝင်များနှင့် ရုံးဝန်ထမ်းများက ရေလမ်း/ကုန်းလမ်းတို့မှ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# အင်းတော်မြို့နယ်ရှိ ပျက်စီးလယ်ယာမြေများ ပြန်လည်အစားထိုးစိုက်ပျိုး

**အင်းတော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ၃၃ အုပ်စု၌ တောင်သူ ၁၃၂၅ ဦး၏ စိုက်ပျိုးပြီး မိုးစပါး ၃၆၈၆ ဧကရေလွှမ်းခဲ့ရာ တောင်သူ ၈၅၂ ဦး၏ လယ်ယာမြေ ၁၄၇၉ ဧက ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ပျက်စီးဧက ၁၄၇၉ ဧကအနက် ဩဂုတ် ၂၅ ရက်ထိ တောင်သူ ၇၂၆ ဦးက ရေလွှမ်း၊ ထိခိုက်ပျက်စီးသော လယ်ယာမြေ ၁၄၀၇ ဧကကို ပြည်လည်အစားထိုး စိုက်ပျိုးပြီးဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပျက်စီးဧက ၁၄၇၉ ဧကအနက် ၆၆ ဧကမှာ သဲထိုးပျက်စီးသွားသည့်အတွက် ယခုနှစ်တွင် မိုးစပါးပြန်လည်စိုက်ပျိုး၍မရတော့ကြောင်း၊ သို့သော်လည်း ဆောင်းရာသီတွင် မြေပဲ ၃၁ ဧကနှင့် နေကြာ ၃၅ ဧကကို ပြန်လည်အစားထိုး စိုက်ပျိုး သွားမည်ဖြစ်ကြောင်း ခြောက်ဧကမှာ ရေစား၊ ကမ်းပါးပြိုသွားသည့်အတွက် ပြန်လည်စိုက်ပျိုး၍မရတော့ကြောင်း၊ မိုးစပါး ပြန်လည်စိုက်ပျိုး၍မရနိုင်သော ၇၂ ဧကမှအပ ကျန်ပျက်စီးဧကအားလုံးကို တောင်သူများမိုးစပါးကို အချိန်မီ ပြန်လည်အစားထိုး ပြည့်မီအောင် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးရွှေက ပြောသည်။

**(၁၅၆)**

# မြန်မာ့မျိုးရင်းဆင်များ မျိုးတုံးပျောက်ကွယ်မှုမှ ကာကွယ်နိုင်ရေး သဘာဝသစ်တောများ စုပေါင်းကာကွယ်ထိန်းသိမ်းသင့်

**ယခုလအတွင်း တောဆင်ရိုင်း ခြောက်ကောင် နယ်ကျွံရောက်ရှိလာသည့် သတင်းမှာ ယနေ့အချိန်အထိ ပြည်သူများအတွင်း စိတ်ဝင်စားမှု မြင့်တက်လျက်ရှိနေဆဲ၊ လူမှုမီဒီယာများတွင်လည်း ထိုအကြောင်းအရာများကပျံ့နှံ့လျက်ရှိပြီး ဆင်များကို ဘယ်လိုများရိုးမတောထဲကို ပြန်လည်ပို့ဆောင်ကြမလဲ၊ ကွဲကျန်နေခဲ့သော ဆင်ကလေးကိုပါ ကရုဏာသက်စွာ ပြောကြဆိုကြ၊ ရေးနေကြဆဲ···· ။**



ဖိုးကျားဆင်စခန်းမှ ဆင်များကို တွေ့ရစဉ်။

ဆင်ရိုင်းများ အမှတ်မထင်ဝင်ရောက်လာကြသည့်သတင်း၊ တာဝန်ရှိသူများက ပြန်လည်ပို့ဆောင်မောင်းနှင်သည်မှာလည်း သတင်း၊ ဆင်ငယ်လေး တစ်ကောင်ကွဲကျန်သည်မှာလည်း ရင်နာစရာသတင်း၊ နေ့စဉ်သတင်းဖတ်ရှုသူများက ထိုဆင်အုပ်စု လှုပ်ရှားသွားလာသည့် သတင်းများကိုပင် စောင့်ကြည့်ဖတ်ရှုသူများ ပို၍များပြားလျက်ရှိသည်ကို တွေ့ရသည်။ တောဆင်ရိုင်းများမှာ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ တနင်္သာရီသစ်တောကြိုးဝိုင်းများနှင့် အခြားသော ဒေသများတွင် အကောင်ရေအနည်းငယ်သာ ကျန်ရှိတော့ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများပြုန်းတီးခြင်းမှာ နှစ်အနည်းငယ်အတွင်း သိသိသာသာ ပိုမိုဆိုးရွားလာသည်ဟုဆိုလျှင် ငြင်းနိုင်သူ ရှားလိမ့်မည်ထင်သည်။

ပဲခူးရိုးမကို အုတ်တွင်း-ပေါက်ခေါင်းလမ်းအတိုင်း ဆိုင်ကယ်တစ်စီးနှင့် ဖြတ်သန်းမောင်းနှင်ဖူးသလို သာဂရ-ကိုးပင် လမ်းကိုလည်း ဆိုင်ကယ်ဖြင့် ဖြတ်သန်းမောင်းနှင်ခဲ့ဖူးသည်။ အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်ကျော် လမ်းတစ်လျှောက် သစ်တောကြီးများသည် အချို့နေရာများဆိုလျှင် နေပြောက်ပင်ထိုးနိုင်ခြင်းမရှိဘဲ စိမ့်နေအောင်အေးသည့် နေရာများလည်း တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် ခပေါင်းချောင်းဖျားနှင့် မိုင် ၂၀ ဆင်စခန်းဝန်းကျင်၌ သစ်တောကြိုးဝိုင်းများတွင် တောဆင်ရိုင်းအုပ်များ သဘာဝအတိုင်း ကျင်လည် ကျက်စားလျက်ရှိကာ တစ်ခါတစ်ရံ သစ်တောကြိုးဝိုင်းဒေသအတွင်း နယ်ပယ်ချဲ့ထွင်နေထိုင်ကြသူများနှင့် ဆင်ရိုင်းများထိတွေ့ကာ အသက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်သာဓကများလည်း မကြာခဏဆိုသလို ယခင်က ကြားခဲ့ရသည်။ ရိုးမဖြတ် ကားလမ်းတစ်လျှောက် သစ်ခုတ်၊ ဝါးခုတ်၊ ထင်းမီးသွေးဖုတ်သူများ၊ ဈေးဆိုင်ဖွင့်လှစ် ရောင်းချသူများမှာ တစ်လမ်းလုံး ပြတ်သည်ဟူ၍မရှိ တွေ့ခဲ့ရသည်။ အဆိုပါ ရိုးမဖြတ်ကျော်ကားလမ်းတစ်လျှောက် မိုင်တိုင်အလိုက် ကျေးရွာလေးများဖြစ်လာကြကာ အချို့သော တောနက်သည့်နေရာများတွင် ဖွင့်လှစ်ထားသော ဈေးဆိုင်များသည်ပင် အဆင့်မြင့် မြင့်ဖွင့်လှစ်ထားကြသည်ကို တွေ့ရသည်။

ထိုနည်းနှင့်ပင် သာဂရ-ကိုးပင် လမ်းတစ်လျှောက်တွင် အုတ်တွင်း-ပေါက်ခေါင်းလမ်းနှင့်စာလျှင် သစ်တောများမှာ မရှိသလောက်ကို နည်းပါးသွားပြီး ၁၀ မိုင် ဖိုးကျားဆင်စခန်းနှင့် မိုင် ၄၀ ကျော်မဆင်သစ်တောကြိုးဝိုင်းတွင်သာ ဆင်စခန်းတစ်ခုရှိသလို သစ်တောထူထပ်သည့်နေရာဟူ၍ ကျန်ရှိတော့သည်။

သစ်တောများ ပြုန်းတီးမှုကို ပြန်လည်ကုစားနိုင်ရန် နိုင်ငံပိုင်သစ်တော ကြိုးဝိုင်းများအတွင်း ပုဂ္ဂလိက ကျွန်းစိုက်ခင်းများစွာ ထူထောင်ကာ စိုက်ပျိုးကြသော်လည်း နောက် ၁၀ နှစ်ကြာသည့်တိုင် အားရဖွယ်အနေအထားတွင် ရှိနေမှာမဟုတ်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်သည်။ သစ်တောများပြုန်းတီးခြင်းကြောင့် သဘာဝအတိုင်း ကျင်လည်ကျက်စားရန် အခက်အခဲများဖြစ်ပေါ်ပြီး နေထိုင်ရန်ပင် ရှားပါးလာပြီဖြစ်သည်ကို တောဆင်ရိုင်းခြောက်ကောင်အုပ်က မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း အထက်ပါကျွမ်းကျင်သူကပင် သုံးသပ်ပြောကြားသည်။ သစ်တောများပြုန်းတီးခြင်းကို ကုစားရန် နိုင်ငံတော်အစိုးရတွင်ပင် တာဝန်ရှိသည်မဟုတ်၊ သက်ဆိုင်ရာဌာနနှင့် ပြည်သူများ၌လည်း တာဝန်ရှိနေသည်။ ဝန်ထမ်းများသည်လည်း အဂတိတရားနှင့် ကိုယ်ကျိုးစီးပွားရှာခြင်းကို ရှောင်ကြဉ်သင့်သလို ပြည်သူများအနေဖြင့်လည်း သစ်တောကိုမှီခိုမှုလျှော့ချခြင်းနှင့် ဝိသမလောဘစိတ်ကို ထိန်းချုပ်ခြင်းဖြင့် သစ်တောကြီးများ ပြန်လည်စိမ်းလန်းစိုပြည်ကာ တောရိုင်းတိရစ္ဆာန် မျိုးစုံတို့သည် သဘာဝအတိုင်း ကျင်လည်ကျက်စားရှင်သန်နေနိုင်ကြတော့မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# တအာင်းပလောင်စာပေနှင့်ယဉ်ကျေးမှု အခမ်းအနားကျင်းပ

**လားရှိုး ဩဂုတ် ၃၀**

(၄၃)နှစ်မြောက် တအာင်းပလောင်စာပေနှင့် ယဉ်ကျေးမှုအခမ်းအနားကို လားရှိုးမြို့ ရပ်ကွက် (၁) နတ်ရေကန်လမ်း လမ်းသွယ် (၃)ရှိ ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်း ပလောင်စာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။



(၄၃)နှစ်မြောက် စာပေနှင့်ယဉ်ကျေးမှုအခမ်းအနားသို့ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသများမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများတက်ရောက်ခဲ့ကြသည်။ မိမိတို့၏ကိုယ်ပိုင်စာပေကို လေ့လာတန်ဖိုးထားတတ်စေရန်နှင့် စာပေပညာကို တတ်ကျွမ်းပြီး နိုင်ငံ၏အားထားရသော တိုင်းရင်းသားညီနောင်များ ပေါ်ထွက်စေရန်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်နှီးနှောဖလှယ်နိုင်စေရန် ရည်ရွယ်ကြောင်းသိရသည်။

တအာင်းပလောင်စာပေနှင့်ယဉ်ကျေးမှုနာယက ဦးခွန်ရီက လူငယ်လူရွယ်များအားလုံး ပညာတတ်စေရန်၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို မပျောက်ပျက်စေရန်၊ မူးယစ်ဆေးဝါးကိုမသုံးစွဲကြရန်နှင့် ပညာရေးမြင့်မားစေရန်အတွက်ရည်ရွယ်ကြောင်းပြောကြားခဲ့သည်။ တအာင်းစာပေကို မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ် ခုနစ်ဦးတို့အား အစဉ်လေးစားပြီး နောင်လာနောက်သား တအာင်းပလောင်တိုင်းရင်းသားများအားလုံးက တစ်စုတစ်စည်းတည်း တအာင်း စာပေကို သင်ကြားတတ်မြောက်စေရန်အတွက် တအာင်းလူမျိုးအားလုံးက ဝိုင်းဝန်းထိန်းသိမ်း သင်ကြားကြပြီး တအာင်းစာပေကို ယခုနှစ်မှစတင်ကာ ဆရာ ဆရာမများဖြင့် သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော တအာင်းမောင်မယ်များကိုလည်းကောင်း၊ တအာင်းစာပေ၊ ကဗျာပြိုင်ပွဲများ တွင်ဆုရရှိသော တအာင်း မောင်မယ်များကိုလည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**ဟန်ဌေး(လားရှိုး)**

# ဇမ္ဗူသီရိမြို့နယ်၌ မြစိမ်းရောင် အရင်းမပျောက် မတည်ရန်ပုံငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ လူမှုစီးပွားမြင့်မားရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတိုင်းဒေသဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင် အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဦးမျိုးညွန့်က ရှားတောကျေးရွာအတွက် မြစိမ်းရောင် ရန်ပုံငွေ သိန်း ၃၀၀ ကို ရှားတောကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယနေ့ ရန်ပုံငွေပေးအပ်ပွဲတွင် ရှားတောကျေးရွာရှိ ချေးယူသူ ၁၄၁ ဦးအတွက် မြစိမ်းရောင် ရန်ပုံငွေကျပ် ၂၉၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**

# ဝါခေါင်လပြည့်နေ့တွင် ရွှေထီးတော်တင်လှူပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပုဏ္ဏမာကျေးရွာ မြပုဏ္ဏမာကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာသန္တိသုခ လေးကျွန်းချမ်းသာ ငြိမ်းချမ်းရေးစေတီရွှေထီးတော် တင်လှူပွဲကို ဩဂုတ် ၃၀ ရက် (ဝါခေါင်လပြည့်နေ့) နံနက်က ကျင်းပရာ ရေတာရှည်မြို့ဦးစာသင်တိုက် ဆရာတော် ဦးပညာဇောတ၊ မဟာအောင်မြေကျောင်း ဆရာတော် ဦးဝိဇရိန္ဒ၊ မြပုဏ္ဏမာကျောင်းဆရာတော် ဦးကဝိန္ဒတို့က ဦးဆောင်၍ အလှူရှင် ဦးဖိုးသာ-ဒေါ်မလေးမိသားစုနှင့် ကျေးရွာသူ ကျေးရွာသားများက ထီးတော်ဘုံအဆင့်ဆင့်ကို ပန်းရထားဖြင့် ပင့်ဆောင်တင်လှူကြပြီး ဆရာတော်သံဃာတော်များက စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ဗုဒ္ဓါဘိသေကအနေကဇာတင်လှူကြကြောင်း သိရသည်။

**တင်ထွန်းတာ**

# ခြေလျင်နှင့် တောင်တက်အကြောင်းသိကောင်းစရာ ဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

ရတနာပုံတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းကကြီးမှူး၍ ခြေလျင်နှင့် တောင်တက်အကြောင်း သိကောင်းစရာဟောပြောပွဲကို ဩဂုတ်လ စတုတ္ထပတ်က ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာပိုင်စိုးက ခြေလျင်နှင့်တောင်တက်အကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။

ခြေလျင်နှင့်တောင်တက်အသင်း၏ နှစ်အလိုက် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် တောင်တက်ရာတွင် အသုံးပြုသော တောင်တက်ပစ္စည်းကိရိယာများကို ရတနာပုံတက္ကသိုလ် ပင်မဆောင်မြေညီထပ်၌ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာခြင်း လူထုနှီးနှောဖလှယ်ပွဲကျင်းပ

**မိုးညှင်း ဩဂုတ် ၃၀**

ငြိမ်းချမ်းရေးနှင့်အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာခြင်း လူထုနှီးနှောဖလှယ်ပွဲကို ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့ ထီးလင်းသာသနာ့ဗိမာန်ကျောင်းတိုက်ဇာတ်ရုံ၌ ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ ထီးလင်းကျောင်းတိုက်နှင့် ကံဦးကျောင်းတိုက်မှ ဆရာတော်များ၊ ဦးဆောင်ကျင်းပရေးကော်မတီဝင်များ၊ မိုးညှင်းမြို့နယ် မိုးညှင်း၊ နန်းမား၊ ဟိုပင်၊ အင်းတော်ကြီး၊ နန့်စီးအောင်၊ ဘီလူးကျေးရွာအုပ်စုနှင့် အင်းကုန်းကျေးရွာအုပ်စုများမှပြည်သူများ၊ဧည့်သည်များ စုစုပေါင်း ၁၇၀ ကျော်တက်ရောက်ကြသည်။

ဦးမရန်ဂျော်ရွှန်း(ငြိမ်းဖောင်ဒေးရှင်း)က ငြိမ်းချမ်းရေးဖြစ်စဉ်ကို သုံးသပ်တင်ပြခြင်း၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပါဝင်ရမည့်အခန်းကဏ္ဍနှင့် အပစ်အခတ်ရပ်စဲရေး အရပ်သားစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ အခြေခံသဘောတရားများကို ဆွေးနွေးတင်ပြရှင်းလင်းသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက်ကို ဦးဆောင်အဖွဲ့များက ဆွေးနွေးပြီး ထာဝရငြိမ်းချမ်းရေးနှင့်အပစ်အခတ်ရပ်စဲရေးအပေါ် အခြေခံ၍ ပြည်သူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**(ဝဇိရ)**

# ကျေးလက်ဒေသရုံး အဆောက်အအုံဆောက်လုပ်

**သထုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်သည် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအဆောက်အအုံဆောက်လုပ်နေမှုအခြေအနေကို ဩဂုတ် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ရာ သထုံခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက ရုံးအဆောက်အအုံဆောက်လုပ်နေမှုတွင် Plinth Beam ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးမှုမှတ်တမ်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းခြင်း ဖွင့်ပွဲကျင်းပ

**ဖြူး ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီနယ်မြေ ပတ္တာကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်က KV 200A Tramsformer အနီး၌ ကျင်းပသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုးတပ်ဆင်ခဲ့သော KV 200 A Trams former ကို ကျေးရွာရှိ အိမ်ခြေ ၂၅၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကာ ဓာတ်တိုင် ၁၂၀ စိုက်ထူပြီး 11 KV ဓာတ်အားလိုင်းဖြင့် ယခုလက်ရှိတွင် အိမ်ခြေ ၁၅၀ ကျော်ကို မီတာများ တပ်ဆင်သည်။ ဩဂုတ် ၃၀ ရက်ညမှစ၍ လျှပ်စစ်မီးများ စတင် သုံးစွဲကြတော့မည်ဖြစ်ကာကိုယ့်အားကိုယ်ကိုး ကုန်ကျစရိတ် တန်ဖိုးငွေကျပ် သိန်း ၇၀၀ ကျော်ကုန်ကျခဲ့ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ငွေက ပြောသည်။

**ဖြူး-မြင့်ဦး**

# အဆင့်မြင့်ရုပ်ရှင်ရုံတွင် အပန်းဖြေ ကြည့်ရှုနိုင်ပြီဖြစ်သော်လည်း ညပိုင်းအပြန်တွင် လုံခြုံရေးအတွက် စိုးရိမ်နေကြရ

**ရန်ကုန် ဩဂုတ် ၃၀**

စက်မှုမြို့ဖြစ်သော လှိုင်သာယာမြို့နယ် မီးခွက်ဈေးလမ်းဆုံ (ပိတောက်မြိုင်ဈေး) အနီး၌ရှိသော ဝဇီရာ(၂) ရုပ်ရှင်ရုံကို 3D မင်္ဂလာဝဇီရာ အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် ပြုပြင်ကာ ဩဂုတ် ၂၁ ရက်ကစ၍ "အောင်ဘာလေ"ဇာတ်ကားဖြင့် ပွဲချိန် ငါးပွဲ ပြသလျက်ရှိရာ ရုံးပိတ်ရက်များတွင် ကြည့်ရှုသူ ပို၍စည်ကားလျက်ရှိပြီး ညပိုင်းနောက်ဆုံးပွဲစဉ်အပြီး ရုပ်ရှင်ရုံအပြင်တွင် လုယက်မှုအချို့ ရှိလာသောကြောင့် အပန်းဖြေကြည့်ရှုသူများ လုံခြုံရေးအတွက် စိုးရိမ်မှုများရှိနေကြောင်း သိရသည်။

"၂၂ ရက်နေ့ နောက်ဆုံးပွဲစဉ်အပြီးမှာ သမီးတို့သူငယ်ချင်း သုံးဦး ရုပ်ရှင်ရုံ အပြင်ဘက်ရောက်တော့ အသုပ်ဆိုင်မှာအသုပ်စားတယ်။ ပြီးလို့ ထပြန်လာချိန်မှာ ဆိုင်ကယ်စီးသွားတဲ့ လူနှစ်ယောက်ထဲမှ နောက်ဆုံးလူက သမီးလည်ပင်းက ဆွဲကြိုးကို ဆွဲဖြတ်သွားတယ်။ ဝိုင်းအော်ပေမယ့် ဘာမှအကြောင်းမထူးခဲ့ဘူး။ နာမည်ကြီးဇာတ်ကားဆိုတော့ စနေနေ့ညမှာ လာကြည့်ကြတာ။ စက်ရုံက မိန်းကလေးတွေ ဖုန်းအလုခံရတယ်ကြားတော့ စိတ်မကောင်းဖြစ်ရတာ။ ကိုယ်တိုင်ကြုံတော့ ကြောက်လည်းကြောက်တယ်၊ ဝမ်းလည်းနည်းတယ်။ ပြန်ရမယ်လည်းမထင်ဘူး"ဟု စက်ရုံကြီးကြပ်ရေးမှူးတစ်ဦးဖြစ်သူ မနှင်းဆီလှိုင်က ပြောသည်။

ရန်ကုန်မြို့တွင် Mingalar Group မှ ပြသလျက်ရှိသော ရုပ်ရှင်ရုံ ကိုးရုံရှိပြီး လှိုင်သာယာမြို့နယ်ရှိ မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတွင် သန့်ရှင်းရေး၊ လုံခြုံရေးနှင့်အကောင်းဆုံးဝန်ဆောင်မှုဖြင့် အတွေ့အကြုံရှိသောဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူတန်းစားမျိုးစုံ ကြည့်ရှုပြီး အသိပညာနှင့် ဓလေ့စရိုက်အမျိုးမျိုးရှိသည့်အတွက် ကိုယ်တိုင်အမူအကျင့်များ ပြုပြင်ခြင်းဖြင့် ကောင်းမွန်သော လူမှုဝန်းကျင်ကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း ရုပ်ရှင်ရုံ၏ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

"ရုပ်ရှင်ရုံက အရင်နဲ့မတူဘူး။ လူငယ်တွေ မြို့ထဲသွားပြီး အချိန်ကုန်တာထက် အဆင့်မြင့်မြင့် ဒီမှာကြည့်ရတာကို ဝမ်းသာတယ်။ လူပေါင်းစုံဆိုတော့ လူစည်တဲ့ ရုံးပိတ်ရက်ဆိုရင် သတိထားရတယ်။ ပိုက်ဆံ၊ ဖုန်းပါသွားရင် လစဉ်ဆပ်နေရတဲ့အတိုးနဲ့ဆိုတော့ အလုပ်သမားတစ်ယောက်အတွက် သုံးလလောက် အခက်အခဲ ရင်ဆိုင်ရတတ်တယ်။ မြို့ပြနဲ့လိုက်ဖက်တဲ့ အပန်းဖြေစရာ ဒီတစ်ခုပဲရှိတာ။ ညပိုင်းပွဲ လူများပေမယ့် အပြန်မိန်းကလေးတွေပဲဆိုတော့ ကြောက်တယ်။ မကြာခဏ လုခံရတာ ကြားနေရတော့ ချွေးနဲ့သွေးနဲ့ ကြိုးစားထားတဲ့ငွေကို မပျောက်ပျက်စေချင်ဘူး"ဟု ယနေ့ နေ့လယ်ပိုင်း ရုံးပိတ်ရက်တွင် စက်ရုံမှသူငယ်ချင်းများနှင့် ရုပ်ရှင်လာကြည့်သော မမွန်မွန်က ပြောသည်။




လှိုင်သာယာမြို့နယ်ရှိ လူဦးရေ ရှစ်သိန်းကျော်တွင် နှစ်သိန်းကျော်မှာ စက်ရုံအလုပ်သမားများ ဖြစ်သောကြောင့် အလုပ်သမားတို့၏ စိတ်ပိုင်းဆိုင်ရာ အပန်းဖြေစရာ ဥယျာဉ်၊ ပန်းခြံ၊ အားကစားကွင်း၊ ရုပ်ရှင်ရုံတို့ လိုအပ်လျက်ရှိသကဲ့သို့ ခိုးဆိုးနှိုက် ဒုစရိုက်သမားများကို ပပျောက်အောင် နှိမ်နင်းသွားရန်လည်း ပြည်သူများက လိုလားနေကြကြောင်း သိရသည်။

**မြင့်မြတ်သစ္စာ**

# မိသားစုဝင်ဆင်ငယ်လေးကို ချန်ရစ်ထားခဲ့ရပြီး ပဲခူးရိုးမပျော်ဆင်ငါးကောင် မူရင်းဒေသသို့ ပြန်ရောက်တော့မည်

**မြို့သစ် ဩဂုတ် ၃၀**

ပဲခူးရိုးမပျော် ဆင်ခြောက်ကောင်သည် ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီမှစ၍ နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်သို့ မျက်စိလည်လမ်းပျောက်ကာ ရောက်ရှိလာပြီး ဩဂုတ် ၃၀ ရက်အထိ မိမိတို့ဒေသသို့ ပြန်လည်မရောက်ရှိသေးပေ။ ဆင်ခြောက်ကောင်အုပ်အနက်မှ ဆင်ငယ်တစ်ကောင်**(ယာပုံ)** သည် ဩဂုတ် ၂၆ ရက်က ညောင်ဦးမြို့နယ် တူရင်းတောင်ခြေ၌ မျက်ခြည်ပြတ်၍ ကွဲကျန်ရစ်ခဲ့သည်။



"သူတို့တွေရဲ့ မွေးရပ်၊ နေရပ်၊ ကျက်စားနေတဲ့အရပ်ဆီမှာ သစ်ခုတ်တဲ့လုပ်ငန်းတွေ ရှိနေသလား။ ဒါမှမဟုတ် သူတို့ကျက်စားတဲ့ နေရာတွေမှာ တောင်ယာတွေ ခုတ်နေကြသလား။ ပြီးတော့ တောတွေခုတ်နေကြသလား။ လူနေအိမ်တွေပဲ ဆောက်နေကြတာလား။ ဒါကြောင့်မို့ သူတို့လည်း နေစရာမရှိတော့တာလို့ ထင်ပါရဲ့။ နောက်ထပ်သူတို့ နေတဲ့နေရာနဲ့ တခြားဝေးတဲ့နေရာ ရွှေ့သွားမယ်။ နောက်ထပ်ဘယ်နေရာများ ရွှေ့လို့ရမလဲဆိုတဲ့ သဘောမျိုးနဲ့ ထွက်လာတယ်လို့ ထင်ပါတယ်။ ဒါကိုလည်း လေ့လာမှုတွေလုပ်ဖို့ သက်ဆိုင်ရာလူကြီးတွေ အစည်းအဝေးလုပ်နေကြပါတယ်" ဟု Wildlife Conservation Society (WCS) မှ ဦးစောထူးသာဘုန်းက မြန်မာ့အလင်းသို့ ပြောသည်။

သူတို့မွေးဖွားရာနေရပ်ကို စွန့်ခွာလာရခြင်းမှာ သူတို့အတွက် အစာရေစာရှားပါးလာခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ဖြစ်မည်ထင်ပါကြောင်း၊ မိမိတို့နေစရာ တောအုပ်ကလေးများ တွေ့မည်လား ဆိုသည့်ရည်ရွယ်ချက်ဖြင့် မိုင်ရာချီသည့်ခရီးကြမ်းကို အသက်စွန့်ပြီး ရေကြည်ရာမြက်နုရာကို လိုက်ရှာနေသည်ဟုထင်ရကြောင်း ပညာရှင်အချို့က သုံးသပ်နေသည်ကိုလည်း သိရသည်။

ယခုအချိန်အထိ ဘယ်စိုက်ခင်း၊ ဘယ်ပြည်သူကိုမှ ထိခိုက်မှုမပြု၊ အန္တရာယ်မပြုဘဲ သူတို့လိုလားသည့် လမ်းကြောင်းကိုသာ အေးအေးချမ်းချမ်းနှင့်လိုက်ရှာနေကြောင်း၊ သို့သော် အထူးအဆန်းမြင်လျှင် စူးစမ်းချင်သည့် လူများ၊ ကြည့်ချင်သည့်လူများ၊ စနောက်ချင်သည့် လူများကြောင့် ဆင်အုပ်က လူများနောက်သို့လိုက်ခြင်း၊ တက်နင်းမိခြင်း၊ နှာမောင်းနှင့် ရိုက်မိခဲ့ခြင်း စသည့်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စိုက်ခင်းများ၊ အိုးအိမ်များကို ဖျက်ဆီးခြင်းမပြု၊ ပြုလျှင်ဖြစ်လာမည့် အန္တရာယ်ကိုလည်း နားလည်ပုံရသော ဆင်အုပ်ကြီးမှာ မိမိတို့၏မိသားစုဝင်ဆင်ငယ်တစ်ကောင်ကို ဆုံးရှုံးချန်ထားခဲ့ရပြီး လာရာလမ်းဆီသို့ မနားမနေ၊ မစားမသောက် ခရီးကြမ်းနှင်လာခဲ့ရာ ပဲခူးရိုးမထဲ ပြန်ရောက်တော့မည်ဖြစ်သည်။

"အဓိကက လူတွေပါ။ ဆင်တွေ၊ တောရိုင်းတိရစ္ဆာန်တွေ ကျက်စားတဲ့နေရာ၊ တောတောင်တွေကို မဖျက်ဆီးကြဖို့ပါပဲ။ ဖျက်ဆီးရင်တော့ အနာဂတ်မှာ လူနဲ့ တောရိုင်းတိရစ္ဆာန်တွေကြား အန္တရာယ်ဖြစ်နေမှာပဲ။ တောတွေပြုန်းတီးသွားရင် ရာသီဥတုဖောက်ပြန်မယ်။ ရာသီဥတုဖောက်ပြန်မယ်ဆိုတာက သစ်တောတွေ ခုတ်လိုက်တဲ့အတွက် မိုးရွာရင် တောင်ပေါ်ကရေတွေကိုမထိန်းနိုင်တော့ဘူး။ သဲနုန်းတွေလည်းကျတယ်။ မြေပြိုမယ်။ တောင်ပြိုမယ်။ သဘာဝပတ်ဝန်းကျင်ကို အများကြီး ပျက်စီးစေတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့က ပြည်သူတွေမှာ အဓိကတာဝန်ကျပါတယ်။ အခုက သိနေကြပြီး ထိန်းသိမ်းဖို့ မလုပ်ကြတာပါ" ဟု ဦးစောထူးသာဘုန်းက ပြောသည်။

အဆိုပါဆင်အုပ်ကို ဩဂုတ် ၂၉ ရက်ညနေ ၆ နာရီက မြို့သစ်မြို့နယ် ပုလင်းပြားကြီး ကျေးရွာအနီး လေသာတောင်အောက်ခြေရှိ လျှိုမြောင်အတွင်းမှ ကွန်ဂျီဆင်ငါးကောင်ဖြင့် မူလဒေသပဲခူးရိုးမ စတုံကြိုးဝိုင်းအတွင်းသို့ ဦးတည်၍ ထိန်းကျောင်းမောင်းနှင်ခဲ့သည်။

"အခုအချိန်အထိတော့ လမ်းကြောင်းသွေဖည်သွားတာ မရှိသေးဘူး။ ဩဂုတ် ၂၉ ရက်ညက ပုလင်းပြားကြီးကျေးရွာအနီးရှိ လျှိုထဲက နေပြီး မောင်းလာတာ ဒီနေ့မနက်မှာ မြို့သစ်မြို့နယ်နဲ့ နတ်မောက်မြို့နယ် နယ်စပ်ရှိ အိုင်မဲအုပ်စုနဲ့ ကွင်းကြီးအုပ်စုကြားက လျှိုထဲမှာရှိနေတယ်။ နတ်မောက်နယ်ထဲ ပြန်ဝင်တာ မဟုတ်ပါဘူး။ မြေပုံအရ လမ်းကြောင်းက အခုလိုကွေ့နေတဲ့သဘောပါ။ အခု လေသာတောင်အရှေ့ဘက်ကြောအတိုင်း သွားနေတာဆိုတော့ သူတို့ကျက်စားတယ်လို့ထင်ထားတဲ့ ပဲခူးရိုးမ စတုံကြိုးဝိုင်းအတွင်းက စံပယ်တောင်ကို ရောက်မယ်လို့ ထင်ပါတယ်။ ဆင်အုပ်က နေ့ခင်းဆို လျှိုထဲမှာနားနေတာ။ ညဘက်မှပဲ သူတို့ ဆက်လျှောက်မယ်ထင်တယ်။ သူတို့နေတဲ့ဆီကို ရောက်မယ့်အချိန်ကိုတော့မှန်းလို့မရသေးပါဘူး။ ညကို မနားဘဲ လေသာတောင် အရှေ့ဘက်ခြမ်း လမ်းကြောင်းအတိုင်း လျှောက်မယ်ဆိုရင်တော့ မနက်ကို ရောက်မယ်ထင်ပါတယ်။ ဒီဘက်မှာက ဒေသခံတွေလိုက်ကြည့်တာတွေ တော့မရှိဘူး။ ရွာတွေနဲ့ကလည်း ဝေးတယ်လေ။ အနီးစပ်ဆုံးရှိတဲ့ ရွာတွေကိုလည်း ဆင်အုပ်လာရင် အပြင်ထွက်မကြည့်ဖို့၊ နောက်က မလိုက်ဖို့ကို အသိပေးထားပါတယ်။ အခုချိန်အထိ ဘာအန္တရာယ်မှ မရှိပါဘူး" ဟု မြို့သစ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။

**သတင်း**
**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**မူဆယ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက်နေ တူရှင်းချဲ့(ခ) မာဂမ်၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ဘလောက်တုံး ၁၅ တုံး၊ အလေးချိန် ၅ ဒသမ ၂၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၁၅၀၊ ဘိန်းစိမ်း ၉ ဒသမ ၈ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၂၅ ရက်က လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု နမ့်ဖွတ်ကျေးရွာနေ မနိုင်းမူး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်က ကလေးမြို့ ကားကြီးဝင်း အနောက်ဘက်တပ်ဦး သီတာရပ်ကွက် နယ်မြေ(၁၀)၊ ဗိုလ်အောင်ကျော်လမ်းပေါ်၌ လားလ်ထန်လောမ်း (ခ) လောတာ မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ (၁၅) အမှတ်(၁၀၇) နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ ပြားနှင့် လားလ်ထန်လောမ်း၏ အိပ်ခန်းအတွင်းမှ တစ်သောင်းကျပ်တန်ငွေစက္ကူအတု ၇၈ ရွက်တို့ကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်ဘက်မှလားရှိုးဘက်သို့ စံပမောင်းနှင်ပြီး ထွန်းအောင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၂၄ ကီလို နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရောဝတီတံတား(မကွေး)ပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**မကွေး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့ ဧရာဝတီတံတား(မကွေး) ပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၄)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး(မကွေး)မှ တပ်ဖွဲ့ဝင်များ၊ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၈ ရက် နံနက်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မကွေး-မင်းဘူး ကားလမ်းအတိုင်း မင်းဘူးဘက်မှ မကွေးဘက်သို့ မင်းဘူးမြို့နယ် ဖလံရုံကျေးရွာနေ သိန်းထိုက်(၃၈ နှစ်)မောင်းနှင်ပြီး နောက်မှ တစ်ရွာတည်းနေ ထိန်လင်း(၃၀ နှစ်) လိုက်ပါလာသည့် ၄၀ယ/----- DAYANG-125 နက်ရောင်ဆိုင်ကယ်သည် ဧရာဝတီတံတား(မကွေးဘက်ခြမ်း) P-1 အနီးအရောက်တွင် လမ်းဖြတ်ကူးသူ မကွေးမြို့နေ ဦးသောင်းရွှေ (၇၄ နှစ်) ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးသောင်းရွှေမှာ ဒဏ်ရာများရရှိကာ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ်သေဆုံးသွားခဲ့ပြီး သိန်းထိုက်နှင့် ထိန်လင်းတို့တွင်လည်း ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ သိန်းထိုက်အား မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်

**ရန်ကုန် ဩဂုတ် ၃၀**

ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က မင်္ဂလာဈေးကားမှတ်တိုင်မှ ဒေါပုံသို့ ယာဉ်မောင်းကိုစည်သူမောင်းနှင်လာသော ဒိုင်နာ (၁၀၅)အပြာ 8A/--- သည် သာကေတတံတားအတက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

ယာဉ်မောင်းကိုစည်သူ (ထွက်ပြေး)ပြီး ယာဉ်ပေါ်ပါခရီးသည်များ ဒဏ်ရာပြင်းထန်မှုမရှိခဲ့ကြောင်း သိရသည်။ ယာဉ်မှုစစ်ရုံးမှ ဒုရဲအုပ်နေဇော်နှင့်အဖွဲ့ လာရောက်စစ်ဆေးဆောင်ရွက်ခဲ့သဖြင့် တံတားတွင် ယာဉ်ကြောပိတ်ဆို့မှုများ ရှင်းလင်းကာ ယာဉ်များပုံမှန် ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အတုပြုလုပ်သူများကို အရေးယူ



**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၃ လမ်းနေ ဒေါ်သီတာဝင်းသည် မိသားစုပင်စင်ကိစ္စဆောင်ရွက်ရန်အတွက် ဩဂုတ် ၂၇ ရက် ညနေပိုင်းက သပြေကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ထောက်ခံစာလာရောက်လျှောက်ထားရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အိမ်ထောင်စုလူဦးရေစာရင်းအတုဟုယူဆရသဖြင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ဖုန်းဖြင့်သတင်းပေးခဲ့ကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် လဝကမှူး-ဦးကျင်စိန်၊ ဒု-လဝကမှူး ဦးကျော်ကျော်လွင်တို့က သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်သီတာဝင်းက အဆိုပါအိမ်ထောင်စု လူဦးရေစာရင်းအား ကျောက်မြောင်း ဈေးအတွင်းရှိ မာကျူရီပလတ်စတစ် အရောင်းဆိုင်ပိုင်ရှင် မကြူဆိုသူက ပွဲစားပြုလုပ်၍ အိမ်ထောင်စုစာရင်း အတုတစ်စောင်လျှင် ငွေကျပ် ၈၀၀၀၀ ပေး၍ လုပ်ဆောင်ခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်သဖြင့် အိမ်ထောင်စုစာရင်းအတုပြုလုပ်ကိုင်ဆောင်ခဲ့သူ ဒေါ်သီတာဝင်းနှင့် နိုင်ငံတော်တံဆိပ်တုံး၊ ဝန်ထမ်းတံဆိပ်တုံးအပြင်၊ လက်မှတ်များအတုပြုလုပ်ပေးသူ မာကျူရီပလတ်စတစ်အရောင်းဆိုင်ပိုင်ရှင် မကြူတို့အား အရေးယူပေးရန် ဒု-လဝကမှူး ဦးကျော်ကျော်လွင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

ယင်းအမှုကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ အမှုစစ်ဒုရဲအုပ် နေမျိုးချစ်က စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဒေါ်သီတာဝင်း (၅၂ နှစ်) နှင့် အိမ်ထောင်စုစာရင်းအတုပြုလုပ်ပေးသူ မာကျူရီပလတ်စတစ်အရောင်းဆိုင်ပိုင်ရှင် မကြူ(ခ)သီသီ (၄၅ နှစ်) တို့အား အမှုဖြင့်ဖမ်းဆီးစစ်ဆေးခြင်းများဆောင်ရွက်ရာ မကြူ(ခ)သီသီ၏ ထွက်ဆိုချက်အရ အဆိုပါသီတာဝင်း အမည်ပါ အိမ်ထောင်စုစာရင်းအား မတင်တင်မိုးဆိုသူက ပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးနှင့်တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်ကမ်းနေ တင်တင်မိုး (၃၂ နှစ်)အား နေအိမ်တွင် သွားရောက်ဖမ်းဆီးရမိ၍ အမှုဖြင့် ဆက်လက်စစ်ဆေးခဲ့ရာတွင် တောင်ဒဂုံမြို့နယ်နေ အေးအေးမာ(ခ) အေးအေးအောင်က ပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပူးပေါင်းအဖွဲ့သည် အေးအေးမာ(ခ)အေးအေးအောင် (၄၃ နှစ်) (ဘ) ဦးခင်မောင် (ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေသူ)၏ နေအိမ်သို့ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အေးအေးမာ (ခ) အေးအေးအောင်ကို တွေ့ရှိဖမ်းဆီးရမိ၍ ၎င်းထံမှ ဦးသန်းဇော်ထွန်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/ဒဂတ(နိုင်)၂၁၄၉၆ ပါ နိုင်ငံ သားစိစစ်ရေးကတ်ပြား အတုတစ်ကတ်၊ မနွယ်နွယ်ဝင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/မရက (နိုင်) ၁၄၂၄၉၄ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုတစ်ကတ်၊ ဦးဝင်းမြင့်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်-၁၂/လသန(နိုင်) ၀၀၇၂၄၅ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုတစ်ကတ်၊ ဒေါ်ရီရီလွင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/ဒဂတ(နိုင်)၀၀၃၄၁၈ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုတစ်ကတ်၊ မောင်မင်းမင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂မရက(နိုင်)၂၃၁၈၂၆ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုတစ်ကတ်၊ မောင်လင်းလင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်-၁၂/မရက(နိုင်)၂၃၁၈၂၅ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုတစ်ကတ်၊ အမည်များ မရေးသွင်းရသေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုနှစ်ကတ်၊ ၀၉၂၆၂၄၃၅၈၄၆ ဆင်းကတ် ထည့်သွင်းအသုံးပြုထားသည့် Gu- goo စာတန်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ၀၉၇၈၁၂၁၇၆၃၀ ဆင်းကတ် ထည့်သွင်းအသုံးပြုထားသည့် NOKIA စာတန်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ၀၉၃၀၁၇၃၉၂၇ ဆင်းကတ်ထည့်သွင်းအသုံးပြုထားသည့် Collpad စာတန်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ Horse စာတန်းတံဆိပ်ပါ တံဆိပ်တုံးထုရာတွင် အသုံးပြုသည့်မင်နိုပ်ဘူးတစ်ဘူးတို့အား ရှာဖွေတွေ့ရှိသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ အမှုဖြင့် ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။

အမှုမှသိမ်းဆည်းရမိသော နိုင်ငံသားစိစစ်ရေး ကတ်ပြားအတုများအား ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းရှိ သိဂီဦးဖိနပ်အရောင်းဆိုင်ပိုင်ရှင် သက်ဦးအောင်ထံမှ ရရှိခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သိဂီဦးဖိနပ်အရောင်းဆိုင်သို့ သွားရောက်ရှာဖွေခဲ့ရာ သက်ဦးအောင် (၃၆ နှစ်) ကိုတွေ့ရှိခဲ့ရပြီး ဆိုင်အတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုပြုလုပ်ရန် ဦးစီးအရာရှိတံဆိပ်ပေါ်၌ လက်မှတ်များရေးထိုးပြီး အမည်စာရင်းရေးသွင်းခြင်းမရှိသေးသည့် ပန်းရောင်နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ၂၁ ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုပြုလုပ်ရန် ဦးစီးအရာရှိတံဆိပ်ပေါ်၌ လက်မှတ် ရေးထိုးထားခြင်း မပြုရသေးဘဲ အမည်စာရင်းရေးသွင်းခြင်းမရှိသေးသည့် ပန်းရောင်နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ၇၆ ကတ်၊ စုစုပေါင်း ၉၇ ကတ်တို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိကြောင်း၊ သက်ဦး အောင်၏အစစ်ခံချက်အရ ၎င်း၏ မိဘများနေအိမ်ဖြစ်သော အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ကျောင်းလမ်း အမှတ်-၆၆၉ နေအိမ်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ပြုလုပ်ရာတွင် အသုံးပြုသော View Sonic စာတန်းတံဆိပ်ပါ ကွန်ပျူတာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ORIENT စာတန်းတံဆိပ်ပါ မော်နီတာတစ်လုံး၊ Epson စာတန်းတံဆိပ်ပါ ကာလာပရင်တာတစ်လုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်တရားခံများဖော်ထုတ်နိုင်ရန်အတွက် ကျူးလွန်သူများဖြစ်သည့် သီတာဝင်းပါ ငါးဦးအား အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရ သည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# စလင်း၌ ဆွမ်းခံကိုယ်တော်သုံးပါး ကားတိုက်ခံရ

**စလင်း ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီခန့်က လက်ပံပင်စာသင်တိုက်မှ သံဃာများသည် မြို့နယ်သာသနာ့ဟိတဆွမ်းလောင်းအသင်းသို့ အရုဏ်ဆွမ်းအလှူခံပြီး ကျောင်းသို့အပြန် လမ်းကြောအနောက်ဘက်မှ မောင်းနှင်လာသော ကုန်တင်ကားသည် အရှိန်မထိန်းနိုင်ဘဲ ဆွမ်းခံသံဃာတော်များအား တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် လက်ပံပင်ကျောင်းတိုက်မှ ဦးသုမင်္ဂလ သက်တော်(၂၅)၊ ဦးရေဝတ သက်တော်(၂၀)၊ ဦးစန္ဒိမ သက်တော်(၂၀) တို့အား ဖြတ်ကြိတ်မိ၍ ဒဏ်ရာများရရှိခဲ့သဖြင့် စလင်းဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ကျွန်းလှမြို့၌ အိမ်ရှင်အမျိုးသမီးကိုသတ်ပြီး ရွှေထည်ပစ္စည်းများယူသွား

**ကျွန်းလှ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်၌ ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခွဲခန့်က နေအိမ်တွင်းဝင်ရောက်ပြီး အိမ်ရှင်အမျိုးသမီးကို သတ်၍ ရွှေထည်ပစ္စည်းများယူသွားကြောင်း သိရသည်။

ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်နေ ဦးသန်းစိန်သည် နေအိမ်မှ သစ်ရာမြိုင်ရပ်ကွက်ဈေးရှိ ရွှေပန်းထိမ်ဆိုင်သို့သွားရာ အိမ်တွင် ဇနီးဖြစ်သူ ဒေါ်စိန်ပိုတစ်ဦးတည်းကျန်ခဲ့ကြောင်း နံနက် ၁၁ နာရီက နေအိမ်သို့ပြန်လာရာတွင် ဒေါ်စိန်ပိုမှာ နေအိမ်အိပ်ခန်းအတွင်း သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် သားမက်ဖြစ်သူ အောင်နိုင်မင်းကိုဖုန်းဖြင့်ခေါ်၍ ရဲစခန်းသို့သွားရောက်အကြောင်းကြားခိုင်းပြီး နေအိမ်မှ ရွှေထည်ပစ္စည်းများကိုစစ်ဆေးရာ ငွေကျပ် ၂၈၀ သိန်း ကျော်ခန့် ပျောက်ဆုံးသွားကြောင်း ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများရောက်ရှိလာ၍ ဒေါ်စိန်ပို (၅၃ နှစ်)ကို စစ်ဆေးရာ ဒဏ်ရာများ ရရှိသေဆုံးနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေထည်ပစ္စည်းများယူပြီး ဒေါ်စိန်ပိုကို သတ်သွားသူအားအရေးယူပေးရန် ဦးသန်းစိန်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကျွန်းလှမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


**စန္ဒရား- ကိုရည်ခိုင်**
စန္ဒရားသင်တန်း(မဟာဂီတ)၊
ကီးဘုတ်သင်တန်း၊ နုတ်(စ်)
ဘာသာရပ်သင်တန်းများ
အိမ်အရောက်သင်ကြားပေးသည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၇၉၉၉၈၃၅၃၈၊
၀၉-၉၇၂၃၅၅၆၇၈

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7G/ 6341၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ အထက (၁) လသာ၊ ပဥ္စမတန်း(B)မှ မောင်မြတ်မင်းသန့်(ခ) မောင်ကျော်ဇောဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်အောင်ဖြစ်ပါကြောင်း။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၈၀/မမ/CE | တိုင်း(၇)ရန်ကုန်<br>- အင်းစိန်(စံကျော်စု)ကျူးကျော်ရပ်ကွက်တွင် သံလမ်းတိုင်၊ သံလမ်းတန်းဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၄.၉.၂၀၁၅ ( တနင်္လာနေ့ ) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၁.၈.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:294352, 291994

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 14 Sep
Mon to Thurs-1:00-3:00pm 14 Sep
Sat & Sun - 9:00-12:00 am 19 Sep
Sat & Sun - 12:30-3:30 pm 19 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-1:00-3:00pm 21 Sep
MontoThurs 3:00-5:00-7:00pm 21 Sep

**Pre-Intermediate English**
Mon to Thurs-5:00-7:00 pm 7 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-10:00-12:00 am 21 Sep

**Basic Writing Course**
Mon to Thurs - 3:00-4:30 pm 28 Sep

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 21 Sep

**Grammar Foundation Course**
Sat & Sun - 9:00-12:00am 5 Sep
Mon to Thurs - 1:00-2:30 pm 14 Sep
Mon to Thurs - 3:30-5:00 pm 14 Sep

**Structure & Written Expression**
Sat & Sun - 3:30-6:30pm 12 Sep
Mon to Thurs - 1:00-3:00 pm 14 Sep
Sat & Sun - 9:00-12:00am 26 Sep
Sat & Sun - 12:30-3:30 pm 10 Oct

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 21 Sep
**SAT** Mon to Thurs -3:30-5:00pm 21 Sep
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 21 Sep
**IELTS**(Test Practice) Sat&Sun 10:30to12:30am 19 Sep
**IELTS**(Speaking) Sat&Sun 1:00to3:30pm 19 Sep

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 19 Sep

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မဆုသဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် ဖြစ်ပါသည်။



**အမျိုးသားပြတိုက်(နေပြည်တော်)အတွက်**
**လိုအပ်သောခင်းကျင်းပြသမှုဆိုင်ရာပစ္စည်းများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(နေပြည်တော်) ပြခန်းများအတွက် လိုအပ်သော ခင်းကျင်းပြသမှုဆိုင်ရာ ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-
(က) ပြခန်းသုံး Panel များ
(ခ) ပြခန်းသုံးမှန်ဗီရိုနှင့်တင်ခုံများ
(ဂ) ပြခန်းသုံးမီးများ
(ဃ) ပြခန်းခင်းကျင်းခြင်းလုပ်ငန်း
(င) IT လုပ်ငန်းများ (Museum Management System)
(၁) Ticketing System
(၂) Accession Software
(၃) Alarm System

၂။ အိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၅ရက်မှ ၂၅-၉-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးချိန်တွင်း အမျိုးသားပြတိုက်(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၃၀၁၉၁၆၈ နှင့် ၀၆၇-၄၁၈၄၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် ပေးသွင်းရမည့်လိပ်စာ**
**အမျိုးသားပြတိုက်(နေပြည်တော်)**
**ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းဝိုင်းအနီး**
**ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၁၈၄၃၂**

# မြန်မာ-ဥရောပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးယှဉ်ပြိုင်ထိုးသတ် ပြည်ပလက်ဝှေ့ကျော်များယှဉ်ပြိုင်ထိုးသတ်မှု ပရိသတ်များဝေဖန်

သတင်း-မြင့်ကွင်း-မင်းခေတ်
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဩဂုတ် ၃၀

**မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး MTT Group က စီစဉ်သည့် ALL Stars big Fights မြန်မာ-ဥရောပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကိုယနေ့ မွန်းလွဲ ၂ နာရီက သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်ရာ ရှုံးပွဲမလှသည့် ပြည်ပလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မှုစွမ်းရည်ကို ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ဝေဖန်သုံးသပ်ပြောဆိုကြသည်။**

ပြိုင်ပွဲတွင် ပြည်သူများမျှော်လင့်ထားသည့် ထွန်းထွန်းမင်းနှင့် ဘရာဇီးနိုင်ငံသားဂျက်ဆင် တွဲဆိုင်းတွင် ပွဲစလျှင်စချင်းပထမအချီ ၁ မိနစ် ၃၆ စက္ကန့်မှာပင် ထွန်းထွန်းမင်း၏ ခြေကန်ချက်ကြောင့် ဂျက်ဆင်အနားတောင်းခဲ့ရပြီး ပွဲပြန်အစတည်မှာလည်း တစ်ဖက် ယှဉ်ပြိုင်ဘက်၏ အားနည်းချက်ကိုသိသွားသောထွန်းထွန်းမင်းက အောက်ခြေသိမ်း ခြေကန်ချက်များဖြင့် တရစပ်ကန်ကျောက်မှုကို ဂျက်ဆင်ဘယ်လိုမှမခံနိုင်ဘဲခြေသလုံးအတွင်းကျေဒဏ်ရာဖြင့် ပထမအချီ ၂ မိနစ် ၁၂ စက္ကန့်မှာပင် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

ဒုတိယပွဲကောင်းတစ်ပွဲ ဖြစ်မည်ဟု ပရိသတ်များမျှော်လင့်ထားသည့် တူးတူး(နဂါးမာန်)နှင့် မက်သရူး (ကနေဒါ)တို့ ပွဲသည်လည်း ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ မျှော်လင့်ထားသလောက် ရသမြောက်မှုမရှိခဲ့သည်ကိုတွေ့ရသည်။ ပထမအချီမှာပင် မက်သရူး၏ ညာလက်ဖမိုးအတွင်း ရိုး ကျိုးနေသည်ကို ပေထိုးကာ ယှဉ်ပြိုင်ထိုးသတ်သော်လည်း စတုတ္ထအချီတွင် ယှဉ်ပြိုင်ထိုးသတ်နိုင်မှုစွမ်းရည်မရှိတော့ကာ အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။ ပြည်တွင်းလက်ဝှေ့ကျော် တူးတူးကိုပင် လေးစားဂုဏ်ပြုသည့်ဟန်ဖြင့် ထောမနာပြုသည်ကို တွေ့ခဲ့ရသည်။

"ဒီနေ့ ယှဉ်ပြိုင်ထိုးသတ်သွားတဲ့ ပြည်ပပွဲတွေ တော်တော်ကိုညံ့တယ်ဗျာ။ ပြည်တွင်း မျိုးဆက်သစ်တွေ ထိုးသွားတဲ့ သုံးချီပွဲတွေလောက်တောင် ကြည့်မကောင်းဘူး။ ဒီကိုလာထိုးတာ ဒီကလက်ဝှေ့သမားတွေကို တော်တော်အထင်သေးတဲ့ သဘောမျိုးတွေ တွေ့ရတယ်။ မက်သရူးဆိုလည်း ဖွင့်ထိုးပြီး နောက်ဆုံးတော့ သူပဲအရှုံးပေးခဲ့ရတယ်။ ဂျက်ဆင်ဆိုနိုင်ငံကျော် လက်ဝှေ့သမားတစ်ဦးဖြစ်နေပြီး အောက်ခြေသိမ်းကန်ချက်ကို တောင် မခံနိုင်ဘဲ ပထမအချီမိနစ်ပိုင်းမှာပဲ အရှုံးပေးခဲ့ရတယ်။ ဒါကြောင့် ဒီနေ့ ပြည်ပလက်ဝှေ့သမားတွေက ရိုးရာလက်ဝှေ့ချစ် ပရိသတ်တွေကို စိတ်ပျက်စေတယ်"ဟု ပြည်တွင်း၊ ပြည်ပရိုးရာလက်ဝှေ့ပွဲများကို အဆက်မပြတ် လာရောက်အားပေးနေသည့် ဦးစိုင်းလုံက ဆိုသည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် ပြည်တွင်းငါးချီပွဲများတွင် ရဲသွေးနီ (တောင်ကလေး)က မျိုးဆက်သစ် (မွန်ပြည်နယ်)ကို ဒုတိယအချီစက္ကန့် ၄၀မှာပင် ဘယ်တံတောင်ရိုက်ချက်ဖြင့် အလဲထိုးအနိုင်ယူ၍ လည်းကောင်း၊ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် ရာမဥ်(နဂါးမာန်)တို့ပွဲတွင်လည်း ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)က ရာမဥ်ကို တတိယအချီ ၄၈ စက္ကန့်မှာပင် အလဲထိုးဖြင့် လည်းကောင်း၊ MMA ချန်ပီယံသွေးသစ်အောင် (နဂါးနီ)ကလည်း ရဲရင့်အောင် (နဂါးမာန်)ကို အရပ်အမောင်းကွာသော်လည်း ထောက်၊ ဖြောင့် လက်သီးတွဲလုံးများသုံးကာ ပထမအချီ ၁ မိနစ် ၄၇ စက္ကန့်မှာပင် ပွဲသိမ်းအနိုင်ယူခဲ့သည်။ စောငမန်း(ရွှေဖူး)နှင့် သပြေညိုတို့ပွဲကို ရိုးရာလက်ဝှေ့ချစ်ပြည်သူများက လုပ်ပွဲဟူ၍ ပင်ဝေဖန်သွားကြသည့်အတိုင်း သရေဖြင့်ပြီးဆုံးခဲ့သည်။

ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များ တကယ် သဘောတွေ့သွားသည့် မျိုးဆက်သစ် သုံးချီပွဲများဖြစ်သည့် အောင်ကျော်မိုး(ဒို့ရိုးရာ)နှင့် ထွန်းမင်းအောင်(မုဒုံ)၊ ထွန်းမင်းနိုင်(မုဒုံ)နှင့် ဖြိုးလင်းဇော်(အဖြူရောင်သွေးသစ်) တို့ပွဲများသည် ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များကို နှစ်ခြိုက်သဘောကျစေသော်လည်း သရေရလဒ်ဖြင့်သာ ပြီးဆုံးသွားခဲ့သည်။

**(မြန်မာ့အလင်း)**



**တူးတူး(နဂါးမာန်)နှင့် မက်သရူး (ကနေဒါ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။**

# မြန်မာယူ-၁၉ အသင်း ဆီမီးတက်ရန် ဗီယက်နမ်အသင်းကို အနိမ့်ဆုံး သရေကစားပြီးတစ်မှတ်ရယူရန် လိုအပ်

သတင်း-ညီမြတ်သော်တာ

**ဗီယက်နမ် ဩဂုတ် ၃၀**

လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးနေ့ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်(ယနေ့)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တီမောနှင့်စင်ကာပူ၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်မည့် အုပ်စုပွဲစဉ်များတွင် တီမောနှင့်စင်ကာပူအသင်းတို့သည် အုပ်စုမှထွက်ရပြီးဖြစ်သောကြောင့် ယင်းပွဲရလဒ်မှာ အရေးမပါတော့ဘဲ မြန်မာနှင့် ဗီယက်နမ်ပွဲမှာ ခုနစ်မှတ်စီရရှိထားသည့် ဗီယက်နမ်၊ မလေးရှားနှင့်မြန်မာအသင်း သုံးသင်းအတွက် အရေးပါလျက်ရှိသည်။ အုပ်စုတွင်း၌ အသင်းများကရမှတ်တူနေပါကဆီမီးဖိုင်နယ်တက်ရောက်ရန် ဂိုးကွာခြားချက်ဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ယခုပွဲတွင် အနိမ့်ဆုံးသရေ တစ်မှတ်ရရှိရန် လိုအပ်နေသည်။ ဩဂုတ် ၃၀ ရက် ပွဲစဉ်များအပြီးတွင် ဗီယက်နမ်၊မလေးရှားနှင့် မြန်မာအသင်းတို့မှာ ခုနစ်မှတ်စီရရှိထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်က ပထမ၊ မလေးရှားက ဒုတိယနှင့် မြန်မာက တတိယနေရာတို့တွင် ရပ်တည်နေသည်။ မြန်မာနှင့် ဗီယက်နမ်တို့မှာ ဆီမီးတက်ရေးအတွက် ကိုယ်တိုင်အဆုံးအဖြတ် ခံယူရမည်ဖြစ်ပြီး ပွဲကုန်သွားသည့် မလေးရှားအသင်းမှာမူ မြန်မာပွဲရလဒ်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။ ဂိုးကွာခြားချက်တွင် များစွာအသာရထားသည့် ဗီယက်နမ်အသင်းမှာ ဆီမီးတက်ရန် အခြေအနေကောင်းလျက်ရှိသည်။ မြန်မာအသင်းမှာ သရေ (သို့) နိုင်ပါက ဆီမီးတက်မည်ဖြစ်ပြီး ရှုံးနိမ့်မှသာ မလေးရှားအသင်း ဆီမီးတက်မည်ဖြစ်သည်။

မြန်မာအသင်းမှာ မလေးရှားနှင့်ပွဲကဲ့သို့ ကစားနိုင်ပါက ယနေ့ပွဲတွင်လည်း ရလဒ်ကောင်းနိုင်မည်ဖြစ်သည်။

# မြန်မာယူ-၁၉ အသင်းနှင့် ဗီယက်နမ်တို့ ဘောလုံးယှဉ်ပြိုင်ကစားပုံကို တိုက်ရိုက်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၀**

လာအိုနိုင်ငံတွင် ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပနေသည့် AFF U-19 Championships 2015 ဘောလုံးပြိုင်ပွဲ ပွဲစဉ်များမှ မြန်မာယူ-၁၉ အသင်းနှင့် ဗီယက်နမ်ယူ-၁၉ အသင်းတို့သည် ဩဂုတ် ၃၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ မှ စတင်ပြီး MRTV Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

**မွေးနေ့ဆုမွန်**
**မောင်စိုင်းဂန္ဓလှိုင်**

မွေးနေ့မှသည် အသက်ရှည်ကျန်းမာပြီး ရည်ရွယ်ချက်များ ကြီးပွားအောင်မြင်ကာ မိဘကျေးဇူးဆပ်နိုင်တဲ့ သားကောင်း သားမြတ် ဖြစ်နိုင်ပါစေ… မိသားစု သာယာချမ်းမြေ့ကာ လူမှုပတ်ဝန်းကျင်အတည်ပြုပြီး ဘဝခရီးလမ်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ။

**မာသာထရီဆာ သူနာပြုဝန်ဆောင်မှုလုပ်ငန်းမိသားစု**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**ဆရာထွေး** နှင့် သမီး-ဆရာမ ထွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
စက်တင်ဘာ (၂/၃/၅)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
**ဆရာအာသာ SUCCESS Language Academy**
**(မြို့လယ်ကျောင်း)** အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
**လှည်းတန်းကျောင်းခွဲ**
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
0973001453, 0930775232, 503472တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 31 Aug
1 - 4:00 (Sat + Sun) 5 Sep
6 - 7:30 (Mon ~ Thurs) 7 Sep
9 - 12:00 (Sat + Sun) 12 Sep

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 29 Aug
1 - 4:00 (Sat + Sun) 29 Aug
3:30 - 5 (Mon ~ Thurs) 31 Aug
7:30 - 9 (Mon ~ Thurs) 7 Sep
1 - 2:30 (Mon ~ Thurs) 7 Sep
10-11:30 (Mon ~ Thurs) 14 Sep

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 31 Aug
1 - 4:00 (Sat + Sun) 12 Sep
3:30 - 5 (Mon ~ Thurs) 28 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 7 Sep
1 - 2:30 (Mon ~ Thurs) 14 Sep
7:30 - 9 (Mon ~ Thurs) 23 Sep
1 - 4:00 (Sat + Sun) 27 Sep

INTERMEDIATE (ACADEMIC ENGLISH)
1 - 4:00 (Sat + Sun) 5 Sep
10-11:30 (Mon ~ Thurs) 7 Sep
3:30 - 5 (Mon ~ Thurs) 21 Sep

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 14 Sep
1 - 4:00 (Sat + Sun) 19 Sep

INTERMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 24 Aug

BASIC WRITING
10-11:30 (Mon ~ Thurs) 7 Sep
12 - 3:00 (Sat + Sun) 19 Sep

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 14 Sep
12 - 3:00 (Sat + Sun) 20 Sep

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 1,14 Sep
12 - 3:00 (Sat + Sun) 6 Sep
3:30 - 5 (Mon ~ Thurs) 7 Sep
6 - 7:30 (Mon ~ Thurs) 7,21 Sep
1 - 2:30 (Mon ~ Thurs) 14,23 Sep

BASIC GRAMMAR
7:30-10:30 (Sat + Sun) 19 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 2 Sep
6 - 7:30 (Mon ~ Thurs) 14 Sep
7:30 - 9 (Mon ~ Thurs) 30 Sep

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 12 Sep

IELTS (Preparation)
7:30-9:30 (Mon ~ Thurs) 14 Sep
1 - 3:30 (Mon ~ Thurs) 21 Sep

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 14 Sep

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 7 Sep

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 19 Oct

IELTS (Grammar)
10-11:30 (Mon ~ Thurs) 14 Sep

**ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက် အမှတ်-၁၀၀၈၊ ဧရိယာ (၀.၀၅၅) ဧကရှိ ဒေါ်ချိုချိုမှ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏အထွေထွေကိုယ် စားလှယ်လွှဲစာအမှတ်-၄၉၆၀/၂၀၁၃ ရရှိသူ ဦးထွန်းထွန်းအောင် (ဘ) ဦးစံမြင့် (၁၂/သလန (နိုင်) ၀၇၆၈၁၄) ထံမှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်- ၃၆၆၃/၂၀၁၄ အရ ဦးသိန်းဇင်လတ် (၁၃/မသတ (နိုင်) ၀၄၃၄၀၈) သည် တရားဝင်ဝယ်ယူလက်ရှိ လက်ရောက် ရယူနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ မြေကွက်အား ဦးတင်မောင်ချိုမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဂရန်သစ်လျှောက်ထားခြင်းနှင့် ပတ်သက်၍ (၂၅-၈-၂၀၁၅) ရက်နေ့ ထုတ်ကြေးမုံသတင်းစာနှင့် (၂၆-၈-၂၀၁၅) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာပါဖော်ပြချက်အား ကန့်ကွက်ပါကြောင်းနှင့် ဦးသိန်းဇင်လတ်မှ ဦးတင်မောင်ချိုအား ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်- (၄၁၇/၂၀၁၅) ဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုထားခြင်းနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ အချုပ်ဖြစ်ကိစ္စနှင့်ပတ်သက်၍ အာဏာပေးစာချွန်တော် အမိန့်ထုတ်ဆင့်ပေးရန် တရားမအထွေထွေမှုအမှတ်- (၁၁၁/၂၀၁၅) ဖြင့် လျှောက်ထားပြီးလည်းဖြစ်ပါ၍ တရားစွဲဆိုစဉ်ကာလအတွင်း အထက်အပိုဒ်ဖော်ပြပါ မြေကွက်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မည်သူတစ်စုံတစ်ဦးယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့်အခြားမည်သည့်နည်းတစ်စုံတစ်ရာမျှ လွှဲပြောင်းခြင်းမပြုလုပ်ရန် ကန့်ကွက်အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဇင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမြင့် **(LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၁၄)
အခန်း (အေ-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊
ဘဏ်လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀-၆၃၅၁၃

# ကျွန်တော်နဲ့ ဇင်းမယ်



**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

မြန်မာနိုင်ငံမှာ အသက်ရလူတိုင်း ဇင်းမယ်ဆိုရင် အားလုံးသိကြပါတယ်။ ဇင်းမယ်လုံချည်ကို တမြတ်တနိုးနဲ့ ဝတ်ဆင်တတ်ကြတယ်။ အခုခေတ်လူငယ်တွေကို ဇင်းမယ်လို့ပြောရင် ရုတ်တရက်နားလည်ကြမှာမဟုတ်ဘဲ ချင်းမိုင်ဆိုမှ သိကြမှာ။ ထိုင်းနိုင်ငံရဲ့ မြောက်ဘက်မှာရှိပြီး ရာသီဥတုအရ ဗန်ကောက်မြို့လို မပူဘဲ ရှမ်းပြည်က ထက် အေးတယ်။ တောတောင် ရေမြေသဘာဝကလည်း သာယာတယ်။ ကျွန်တော်ဒီတစ်ခေါက် ဇင်းမယ်ခေါ် ချင်းမိုင်မြို့ကို လာရတဲ့အကြောင်းက မြန်မာနိုင်ငံမှာ လူသားအရင်းအမြစ် မြှင့်တင်မှုနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုများနဲ့ အလားအလာများဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံတကာ အစည်းအဝေးတစ်ခုမှာ စာတမ်းတစ်စောင်ဖတ်ကြားဖို့ လာခဲ့တာဖြစ်တယ်။ ကျင်းပတဲ့နေရာက ချင်းမိုင်မြို့မှာရှိတဲ့ ပါးရပ်တက္ကသိုလ်၊ ဒီတက္ကသိုလ်ကိုတော့ ကျွန်တော် သုံး၊ လေးကြိမ်ရောက်ဖူးတယ်။ သက်တမ်းက မနည်းလှဘူး။ ၁၈၈၈ ခုနှစ်က အမေရိကန်နှစ်ခြင်း ခရစ်ယာန် သာသနာပြုသူတွေက တည်ထောင်ခဲ့တယ်။ ပုဂ္ဂလိက တက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန် ဘာသာစုံ သင်တန်းတွေပို့ချနေပြီး မြန်မာပြည်က ကျောင်းသားကျောင်းသူတွေတက်ခဲ့တဲ့ အရေအတွက်ကလည်း မနည်းတော့ဘူး။ ဒီတက္ကသိုလ်က အပြည်ပြည်ဆိုင်ရာ ကောလိပ်ကိုဦးစီးတဲ့ ပါမောက္ခစွန်ဘွန်းနဲ့ ကျွန်တော် ရင်းနှီးတယ်။ သူက ကရင် ထိုင်း-မြန်မာပြည်ကို သံယောဇဉ်ကြီးသူ တတ်နိုင်သမျှ ပညာရေးနဲ့ပတ်သက်ပြီး အကူအညီပေးခဲ့တာ။ တစ်ချိန်က သူနဲ့အတူ ပါးရပ်မှာ ဆရာမဒေါ်ခင်အေးသန်း ရှိခဲ့တယ်။ ဆရာမကတော့ ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်း၊ အထက်တန်းကျောင်း အတူတူတက်ခဲ့တာ။ တစ်ချိန်တုန်းက နာမည်ကြီးလှတဲ့ အင်္ဂလိပ်မက်သဒစ်အထက်တန်းကျောင်း အခုတော့ အထက(၁) ဒဂုံအဖြစ် ပြောင်းလဲခဲ့တယ်။ တစ်ချိန်တုန်းက မြန်မာပြည်အနှံ့အပြားမှာ ခရစ်ယာန် သာသနာပြု အဖွဲ့တွေက တည်ထောင်ခဲ့တဲ့ကျောင်းတွေ ရှိခဲ့တယ်။ ရန်ကုန်မှာတော့ အင်္ဂလိပ်မက်သဒစ်နဲ့အတူ စိန်ပေါ(လ်)၊ စိန့်မေရီ၊ စိန်ဂျွန်း၊ ပြင်ဦးလွင်မှာတော့ စိန်အလ်ဘက်၊ တောင်ကြီးမှာ စိန်အင်း(န်)၊ ဒီကျောင်းတွေမှာ အရည်သွေးမြှင့်ပညာရေးဝန်ဆောင်မှုတွေ ပေးနိုင်ခဲ့တယ်။ သာသနာရေးအခြေခံတဲ့ကျောင်းတွေ ဖြစ်ပေမယ့် ဘာသာပြောင်းဖို့ ဖိအားတွေ မပေးခဲ့ဘူး။ ကျွန်တော်ဟာ အင်္ဂလိပ်မက်သဒစ် ကျောင်းတက်နေချိန် တစ်ပတ်တစ်ခါ ကျောင်းဝင်းအတွင်းမှာရှိတဲ့ ဘုရားရှိခိုးကျောင်းကို မနက်တိုင်းတက်ခဲ့တယ်။ သမ္မာကျမ်းစာတွေဖတ်ခဲ့တယ်။ သီချင်းတွေဆိုခဲ့တယ်။ တစ်ချိန်တစ်ခါမျှ ဘာသာကူးပြောင်းဖို့ပြောတာဆိုတာ ဖိအားပေးခဲ့တာလုံးဝမရှိခဲ့ဘူး။ ကျွန်တော်နဲ့အတူ တစ်ချိန်က နိုင်ငံ့ခေါင်းဆောင်ရဲ့ သားသမီးတွေအားလုံးလိုလိုက အင်္ဂလိပ်မက်သဒစ်ကျောင်းမှာ တက်ခဲ့တယ်။ ဆရာ ဆရာမတွေဟာလည်း နိုင်ငံခြားက ဆရာ ဆရာမပါသလို မြန်မာနိုင်ငံသားတွေလည်းပါကြတယ်။ ဆရာ ဆရာမတွေက စေတနာအပြည့်နဲ့ တပည့်တွေ တော်အောင်ဆောင်ရွက်ပေးခဲ့တယ်။ တက္ကသိုလ်ဝင်တန်းမှာ တစ်ပြည်လုံးပထမနေရာရအောင်ကြိုးစားပေးခဲ့တယ်။ ကျွန်တော် ခုနစ်တန်းနဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေဖြေတဲ့အခါ အတန်းတူ ကျောင်းသားကျောင်းသူတွေနဲ့အတူ ဆရာ ဆရာမတွေကလိုက်ပါပြီး စာစစ်တဲ့ကျောင်းကို ပို့ပေးခဲ့တယ်။ စာမေးပွဲပြီးတဲ့အထိ စောင့်ပြီး စောင့်ရှောက်ပေးခဲ့တယ်။

ထူးခြားချက် တစ်ခုက အခုလိုပုဂ္ဂလိကဘာသာရေး အခြေခံတဲ့ ကျောင်းတွေတက်သူတွေ အားလုံးဟာ နိုင်ငံတော်ကသတ်မှတ်ထားတဲ့ တက္ကသိုလ်ဝင်တန်း စာမေးပွဲကိုပဲ ဝင်ဖြေကြတော့ အခုခေတ် ပုဂ္ဂလိက ကျောင်းတွေ တက်သူတွေကတော့ ပြည်ပစာမေးပွဲတွေကိုသာ ဖြေဆိုနေကြတာတွေ့ရတယ်။ ဒေါ်ခင်အေးသန်းက ကျွန်တော့်ထက် နှစ်နှစ်အတန်းကြီးတယ်။ တက္ကသိုလ်မှာလည်း ကျွန်တော့်အရှေ့က နှစ်နှစ်၊ ဒါပေမယ့် စီးပွားရေးတက္ကသိုလ်ဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်ယူတုန်းက တစ်ချိန်တည်းဝင်ခဲ့ကြတယ်။ ကျွန်တော်နိုင်ငံခြား ပညာသင်ထွက်သွားပြီး မကြာမီ သူကလည်း အမေရိကန်နိုင်ငံသို့ နိုင်ငံခြားပညာသင်အဖြစ် အရွေးခံခဲ့ရတယ်။ တစ်ယောက်နဲ့တစ်ယောက်ကွဲသွားတာ နှစ်နဲ့ချီကြာမြင့်ခဲ့ပြီ။ ပထမဆုံး ကျွန်တော် ပါးရပ်တက္ကသိုလ်ရောက်တုန်းက ပါမောက္ခ စွန်ဘွန်းနဲ့အတူ ပြန်တွေ့ရတယ်။ ဆရာမက အခုဆိုရင် မြန်မာပြည်ပြန်ရောက်နေပြီ။ ကျွန်တော် ချင်းမိုင်ကို ရန်ကုန်ကတစ်ဆင့် တိုက်ရိုက်သွားဖို့ စီစဉ်ထားတာ။ ဗန်ကောက်အဲဝေးနဲ့ လေဆိပ်ရောက်တော့ ခရီးစဉ် ဖျက်လိုက်ပြီး ထိုင်းလေကြောင်းနဲ့ ဗန်ကောက်မြို့ကတစ်ဆင့် ချင်းမိုင်သွားခဲ့ရတယ်။ ဘာကြောင့် ခရီးစဉ်ဖျက်လိုက်တယ်ဆိုတာမသိဘူး။ ထိုင်းလေကြောင်း လေယာဉ်ပေါ်တက်တော့ လေယာဉ်ပြေးလမ်းမှာ ဗန်ကောက် အဲဝေးလေယာဉ်ကြီးဆိုက်ထားတာ တွေ့ရတယ်။ စဉ်းစားလို့ မရအောင်ဖြစ်ခဲ့တယ်။ လေယာဉ်ရဲ့ ရဲ့နဲ့ခရီးစဉ်ဖျက်ခဲ့တဲ့ကိစ္စ၊ ဗန်ကောက်ကတစ်ဆင့် သွားရတာမို့ ကသိကအောက်တော့ဖြစ်ရတယ်။

အချိန်ကလည်း မလိုအပ်ဘဲကုန်ခဲ့တာ။ ချင်းမိုင် လေယာဉ်ကွင်းမှာ ပါမောက္ခစွန်ဘွန်းကလာပြီး ကြိုဆိုနေပြီး သူကတည်းတဲ့ဟိုတယ်ကိုလိုက်ပို့တယ်။ ညဥ့်နက်နေပြီမို့ နောက်တစ်နေ့အတွက် အားထည့်ပြီးပြင်ဆင်ခဲ့ရတယ်။

ဒီအပြည်ပြည်ဆိုင်ရာ ဟောပြောပွဲကို ကျွန်တော်နဲ့အတူ ကနေဒါနိုင်ငံ ဗန်ကူးပါးမြို့မှာရှိတဲ့ ဗြိတိသျှကိုလံဘီယာတက္ကသိုလ်က ပါမောက္ခနှစ်ဦးလည်းပါတယ်။ ကျွန်တော်က ဒီတက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင်ပါမောက္ခ ရာထူး မနှစ်ကချီးမြှင့်ခံခဲ့ရတယ်။ ပါမောက္ခနှစ်ဦးအနက် တစ်ဦးက ရန်ကုန်လာပြီး ကျွန်တော့်ကိုပါမောက္ခ ရာထူးပေးအပ်ပေးခဲ့တယ်။

မနက်မှာ အစည်းအဝေးလုပ်တဲ့ပါးရပ်တက္ကသိုလ် သွားဖို့ ပါမောက္ခစွန်ဘွန်းက ဟိုတယ်မှာလာခေါ်တယ်။ ဟောပြောမယ့် နေရာရောက်တော့ သူ့ရဲ့ရုံးခန်းမှာ ခဏနားပြီး အခမ်းအနားမှူးလုပ်မယ့်သူနဲ့ အစီအစဉ်တွေ အပြီးသတ် ညှိနှိုင်းခဲ့ကြတယ်။ ဟောပြောပွဲတက်လာတဲ့သူတွေကလည်း တဖွဲဖွဲရောက်လာခဲ့တယ်။ ကျွန်တော်တို့က ပါမောက္ခစွန်ဘွန်းဦးဆောင်တဲ့ အပြည်ပြည်ဆိုင်ရာ မဟာဌာနရဲ့ စာသင်ခန်းမကြီးမှာ ကျင်းပတာ။ ပရိသတ်ကအရေအတွက်အနေနဲ့တော့ မများလှပါဘူး။ စုစုပေါင်း ၅၀၊၆၀ လောက်၊ နိုင်ငံခြားသားတွေက များတယ်။ ဝမ်းသာစရာက လူငယ်တွေအများစုက မြန်မာနိုင်ငံကလူတွေ၊ ပါးရပ်တက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတွေ တက်နေကြသူတွေ၊ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်ကို ကြေညာပြီး ပါးရပ်တက္ကသိုလ် အကြီးအကဲက အဖွင့်အမှာစကားနဲ့ နှုတ်ခွန်းဆက်စကားပြောကြားခဲ့တယ်။ ပြီးမှ ကျွန်တော်က ဆွေးနွေးပွဲတစ်ခုလုံးအတွက် Key Note Address လို့ခေါ်တဲ့ ဆွေးနွေးပွဲတစ်ခုလုံးရဲ့ အကြောင်းအချက်နဲ့ ပတ်သက်ပြီး တင်ပြခဲ့ပါတယ်။ တစ်နာရီကျော် တင်ပြခဲ့ပါတယ်။ **နိုင်ငံတစ်နိုင်ငံမှာ အရင်းအနှီး သုံးမျိုးရှိတာကို တင်ပြခဲ့ပါတယ်။ သဘာဝအရင်းအနှီးအနေနဲ့ ကျွန်တော်တို့နိုင်ငံဟာ ကြွယ်ဝချမ်းသာလှတယ်။ ပင်လယ်ထွက်၊ တောထွက်၊ တွင်းထွက် ပေါများလှတဲ့ သယံဇာတမျိုးစုံ မရှိတာမရှိသလောက် ပေါများလှပါတယ်။ ဒီသဘာဝ အရင်းအနှီးကို ထုတ်လုပ်မှုအရင်းအနှီးအဖြစ် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိဖို့ အရေးကြီးလှတာမို့ နိုင်ငံတော်အစိုးရဟာ ပုဂ္ဂလိကကဏ္ဍနဲ့ပေါင်းစပ်ပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ထုတ်လုပ်မှုအရင်းအနှီးကတော့ နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှု ပေတံဖြစ်တဲ့ ဂျီဒီပီ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု ပမာဏပဲဖြစ်ပါတယ်။ ဂျီဒီပီတိုးတက်မှုဟာ နိုင်ငံတိုင်းရဲ့ စီးပွားရေး၊ နိုင်ငံရေး ဦးတည်ချက်ဖြစ်ပါတယ်။ နောက်ဆုံးအရင်းအနှီးကတော့ ဟောပြောပွဲနဲ့ပတ်သက်တဲ့ လူသားအရင်းအနှီးသာဖြစ်ပါတယ်။ စောစောကပြောတဲ့ သဘာဝအရင်းအနှီးကို ထုတ်လုပ်မှုအရင်းအနှီးအဖြစ် ပြောင်းလဲအောင် လူသားအရင်းအနှီးက အဓိကဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ယူကြသူတွေအနေနဲ့ အရင်းအနှီးသုံးရပ်အနက် ပထမအရင်းအနှီးဖြစ်တဲ့ သဘာဝအရင်းအနှီးကိုတော့ ဖန်တီးနိုင်စွမ်း မရှိပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာလို့ပဲ ပြောရမှာသာ ဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ ကိုယ်ပိုင်သဘာဝအရင်းအနှီးမရှိပေမယ့် ထုတ်လုပ်မှုအရင်းအနှီးဖြစ်လာအောင် ပြည်ပမှာ သဘာဝအရင်းအနှီးတွေကို တင်သွင်းပြီး ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ အခြေအနေက ကောင်းလှပါတယ်။ ရှိတဲ့ သဘာဝသယံဇာတအရင်းအနှီးကို ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ်ထိန်းသိမ်းစောင့်ရှောက်ရမှာသာ ဖြစ်ပါတယ်။**

> **လူသားအရင်းအနှီးဟာ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးမှုရဲ့ သော့ချက်သာဖြစ်တယ်။ ဒါကြောင့်လည်း အရည်အသွေးရှိတဲ့ ပြည့်ဝတဲ့လူသားတွေ မွေးထုတ်နိုင်ဖို့ အရေးကြီးလှပါတယ်။**

**လူသားအရင်းအနှီးဟာ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးမှုရဲ့ သော့ချက်သာဖြစ်တယ်။ ဒါကြောင့်လည်း အရည်အသွေးရှိတဲ့ ပြည့်ဝတဲ့လူသားတွေ မွေးထုတ်နိုင်ဖို့ အရေးကြီးလှပါတယ်။ လူသားအရင်းအနှီးနဲ့ ပတ်သက်လာရင် ပညာရေးအခန်းကဏ္ဍဟာ အလွန်ပဓာနကျပါတယ်။ ပညာရေးအရည်အသွေး အဆင့်မြှင့်နိုင်အောင် အမြဲမပြတ် ဆောင်ရွက်ဖို့လိုပါတယ်။ ပညာရေးတာဝန်ဟာ နိုင်ငံတော်အစိုးရအတွက်သာမဟုတ်ဘဲ လုပ်ငန်းအဖွဲ့အစည်းများရဲ့ တာဝန်ဖြစ်သလို မိသားစုများအတွက်လည်း တာဝန်ရှိပါတယ်။ အရေးကြီးတဲ့ ဆက်သွယ်ဆက်စပ်မှုကတော့ ပညာရေးလောကနဲ့ အလုပ်ခွင်လောကအကြားပဲဖြစ်ပါတယ်။ အလုပ်လောကရဲ့ လိုအပ်ချက်နဲ့ ပညာရေးလောကရဲ့ ပေးဆပ်နိုင်မှုတို့ဟာ အပြန်အလှန်ရှိနေဖို့ အလွန်အရေးကြီးလှပါတယ်။** ကျွန်တော့်ရဲ့ တင်ပြမှုပြီးချိန်မှာ ကနေဒါနိုင်ငံက ပါမောက္ခနှစ်ဦးက မြန်မာပြည်နဲ့ ပတ်သက်တဲ့ သူတို့ရဲ့သုံးသပ်မှုတွေကို တင်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အထူးပြုထားသူတွေမဟုတ်ပေမယ့် အာရှနဲ့အာဆီယံနိုင်ငံများကို လေ့လာသုတေသနလုပ်နေသူတွေ ဖြစ်ကြပါတယ်။ တစ်ဦးကတော့ နိုင်ငံရေးလောကရှုထောင့်ကနေ တင်ပြပြီး နောက်တစ်ဦးကတော့ မတူညီမှုတွေကို အိမ်နီးနားချင်းတွေ ဘယ်နည်းဘယ်ပုံ ဖြေရှင်းခဲ့ကြပုံကို တင်ပြပြီး မြန်မာနိုင်ငံမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ပတ်သက်ပြီး စဉ်းစားစရာ အချက်အလက်တွေကို ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ သုံးဦး တင်ပြချက်တွေပြီးတော့ လက်ဖက်ရည်သောက်ဖို့ ခေတ္တနားခဲ့ပါတယ်။ နားနေချိန်အတွင်း ဟောပြောပွဲကို တက်ရောက်လာတဲ့ မြန်မာလူငယ်တွေက ကျွန်တော့်ကို လာရောက်ပြီး နှုတ်ဆက်ကြတယ်။ တိုင်းရင်းသားလူငယ်တွေ အများစုဖြစ်နေတာကို ဝမ်းသာစရာတွေ့ရပါတယ်။အစည်းအဝေးပြန်စတော့ နယ်ပယ်အသီးသီးက သူတွေက စာတမ်းတွေဖတ်ကြပါတယ်။ နယ်စပ်ဒေသမှာ ဝန်ဆောင်မှုပေးနေတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေကလည်း တင်ပြခဲ့ကြတယ်။ ရှုထောင့်အမျိုးမျိုးက ပကတိအခြေအနေတွေ နားထောင်ရတာ စိတ်ဝင်စားစရာကောင်းလှပါတယ်။ စေတနာနဲ့ ဆောင်ရွက်နေကြတာကိုလည်း ကျေးဇူးတင်ရပါတယ်။ ချီးကျူးရပါတယ်။ သူတို့အမြင်၊ သူတို့ရှုထောင့်တွေဟာ စဉ်းစားစရာတွေပါ။ ကျွန်တော့်အတွက် အသိတရားတိုးစေခဲ့ပါတယ်။ အမှန်တော့ နေရာတိုင်း၊ အချိန်တိုင်း အသိတရားတိုးတယ်ဆိုတာကို အသိအမှတ်ပြုရမှာသာဖြစ်ပါတယ်။ ဟောပြောပွဲကြီးရဲ့ နိဂုံးချုပ်မိန့်ခွန်းကို ကျွန်တော့်ကို ပြောစေပါတယ်။

ကျွန်တော်က တင်ပြခဲ့တဲ့ စာတမ်းတွေနဲ့ ပတ်သက်ပြီး ခြုံငုံသုံးသပ်ခဲ့ပါတယ်။ အထူးသဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်ကို စဉ်းစားဖို့ တင်ပြခဲ့ပါတယ်။ **အမှန်တကယ်တော့ အင်န်ဂျီအိုလို့ခေါ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံမှာ ၁၉၈၉ ခုနှစ်နောက်ပိုင်း လှုပ်ရှားခဲ့ပါတယ်။ စတင်လှုပ်ရှားစဉ်က နိုင်ငံရေးအငွေ့အသက်တွေရှိခဲ့ပါတယ်။ အထောက်အပံ့ပေးသူတွေဟာလည်း တစ်ဖက်က လူမှုရေး ရည်မှန်းချက်တွေ ရှိသလို တစ်ဖက်ကလည်း နိုင်ငံရေးဦးတည်ချက်တွေရှိခဲ့ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ရှင်သန်အောင် အားပေးပြီး နိုင်ငံရေးဖိအားပေးနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခင်းအကျင်းကို ပြည်ပကသိအောင် ဖော်ထုတ်ခဲ့ကြတယ်။ ဒါတွေက အတိတ်ကအနေအထားတွေဖြစ်ပါတယ်။ မျက်မှောက် ခေတ်ကာလမှာတော့ အနေအထားတွေက ပြောင်းလဲခဲ့ပါပြီ။ ခေတ်စနစ်ပြောင်းလဲမှုနဲ့ လိုက်လျောညီတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဖြစ်အောင် အသွင်ပြောင်းသင့်ကြောင်း အကြံပြုခဲ့ပါတယ်။ အရပ်ဘက် လူ့အဖွဲ့အစည်းတွေဟာ နိုင်ငံအပိုင်းက အားနည်းချက်တွေ၊ ပုဂ္ဂလိကကဏ္ဍရဲ့ အဆင်မပြေမှုတွေကို ကွက်လပ်ဖြည့်ပေးတဲ့ မွန်မြတ်တဲ့အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါလှပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အားနည်းချက်တွေကိုထောက်ပြီး လှုပ်ရှားတာထက် တာဝန်ရှိသူတွေအားလုံး ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း တင်ပြခဲ့ပါတယ်။**

မြန်မာပြည်မှာ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ်၊ ပိုမိုကောင်းမွန်တဲ့ စီမံချက်ကိုလည်း တင်ပြခဲ့ပါတယ်။ ဒီစီမံချက်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "တစ်နိုင်ငံ၊ လူတစ်မျိုး၊ အနာဂတ်တစ်ခု" အကြောင်းကို တင်ပြခဲ့ပါတယ်။ ပါးရပ်တက္ကသိုလ်မှာ ပညာဆည်းပူးနေကြသူတွေ ပညာပြီးဆုံးတဲ့အချိန် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် လုပ်တဲ့ အနာဂတ်ဖန်တီးပေးဖို့ တိုက်တွန်းခဲ့ပါတယ်။

## ရေစကြိုမြို့နယ်တွင် သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေး

**ရေစကြို ဩဂုတ် ၃၀**

၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ချေးခြင်းကို ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ အစုအဖွဲ့ ၂၃၇၆ ဖွဲ့၊ ဘဏ်အဖွဲ့ဝင် တောင်သူလယ်သမား ၇၀၁၅ ဦးတို့ကို ချေးငွေကျပ် သိန်း ၁၇၇၀၀ ကို ဩဂုတ် ၂၈ ရက်က အပြီးသတ်ထုတ်ချေးပေးခဲ့သည်။

ထုတ်ချေးပေးသည့် သီးနှံဧကများမှာ စပါး ၁၅၅၇၉ ဧက၊ မြေပဲ ဧက ၁၅၅၀၊ နှမ်း ၁၄၅၆ ဧက၊ ပဲတီစိမ်း ဧက ၅၇၇၀၊ ပဲစင်းငုံ ၁၈၂၉ ဧက စုစုပေါင်းစိုက်ဧက ၂၆၁၈၄ ဧကကို စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် အခြားသီးနှံတစ်ဧကလျှင် နှစ်သောင်းနှုန်းတို့ဖြင့် အတိုးနှုန်းတစ်နှစ်အတွက် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်ဟု ရေစကြိုမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ မန်နေဂျာထံမှ သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြန်မာ့သစ်လုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်စိုးနှင့် ဝန်ထမ်းမိသားစုတို့က လားရှိုးမြို့ ရန်တိုင်းအောင်ဘုရားဝင်းအတွင်း လုမ္ဗိနီ အင်ကြင်းပင်များ စိုက်ပျိုးလှူဒါန်းစဉ်။

ဇော်လွင်(လားရှိုး)



# ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

**ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရှေးဟောင်းအဆောက်အအုံ** ဆိုသည်မှာ မြေပေါ်တွင် ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင် ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများကို ဆိုသည်။

(ခ) **ရှေးဟောင်းစာရင်းဝင်အဆောက်အအုံ** ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ရှေးဟောင်းအဆောက်အအုံများ၏စာရင်းတွင် ပါဝင်သော အဆောက်အအုံကို ဆိုသည်။

(ဂ) **ကာကွယ်ထိန်းသိမ်းခြင်း** ဆိုရာတွင် အဓွန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းအဆောက်အအုံနှင့် ယင်း၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထိုအဆောက်အအုံကို ဝင်းခြံကာရံခြင်းနှင့် အလွယ်တကူ ဝင်ထွက်နိုင်ရန် လိုအပ်ချက်နှင့်အညီ ပြုလုပ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းတို့ကို ရှေးဟောင်းသုတေသနဆိုင်ရာ အင်ဂျင်နီယာနည်းလမ်း၊ ဓာတုဗေဒနည်းလမ်းနှင့် အခြားနည်းလမ်းများအပါအဝင် သိပ္ပံနည်းကျ ပြုပြင်ကာကွယ်ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနက လွှဲပြောင်းတာဝန်ပေးခြင်းခံရသည့်ဌာန** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းအဆောက်အအုံများ အဓွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရန်၊

(ဃ) ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးမြင့်မားမှုကို အများပြည်သူတို့ သိရှိနားလည်နိုင်ကြစေရန်၊

(င) ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(စ) ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်၊

(ဆ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။

**အခန်း(၃)**

**ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခြင်း**

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်သည်-

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ်အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများနေထိုင်ခဲ့သည့်ကုန်းဟောင်းများ၊ ယင်းတို့၏အကြွင်းအကျန်များ၊

(ဂ) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သောဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်းဆင့်နှင့်ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများအပါအဝင် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့်ဖိုများနှင့် ဆက်စပ်နေရာများ၊

(င) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသော နေရာ၊ ရေတွင်း၊ ရေကန်၊ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သော အဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(စ) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကို ထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ၊

(ဆ) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများ၊

(ဇ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများ။

**အခန်း(၄)**

**ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း**

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရှေးဟောင်းအဆောက်အအုံများကို အဓွန့်ရှည်တည်တံ့စေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ ကာကွယ်ခြင်း၊

*စာမျက်နှာ ၁၇ သို့*

***မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ***
***နောက်ဆက်တွဲဇယား ယမန်နေ့မှအဆက်***

**အပိုင်း (၂)**

(က) (တစ်ဘက်သူ၏) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) လျှောက်ထားလွှာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့် အရပ်၊
(ဆ) မိဘများ၏အမည်-
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့် နေရပ်၊
(ဌ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

**(လက်မှတ်)**
**လျှောက်ထားသူ**

**မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်**

အထက်ပါလျှောက်ထားလွှာအပိုင်း(၁)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ အပိုင်း(၂)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း ကျွန်မက ထွက်ဆိုပါသည်။ အထက်ပါလျှောက်ထားလွှာတွင်ပါရှိသည့် ဖော်ပြချက်တစ်ခုခုမှာ ကျွန်မသိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင် ယင်းသို့သောဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်မက ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် ယုံကြည်လျှင်သော် လည်းကောင်း ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်လည်းကောင်း ကျွန်မမှာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်မသိရှိပါသည်။

**(လက်မှတ်)**
**လျှောက်ထားသူ**

အောက်ပါသက်သေတို့ရှေ့တွင်
(၁) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)
(၂) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင် ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့် သက်သေ ၂ ဦး ရှေ့၌လည်းကောင်း လက်မှတ်ရေးထိုးသည်။

**(လက်မှတ်)**
**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ**

အထက်ပါလျှောက်ထားလွှာမိတ္တူကို ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ ကပ်လျက်ကြော်ငြာပြီးဖြစ်သည့်ပြင် ထိုလျှောက်ထားလွှာမိတ္တူများကို အောက်ပါနေ့ရက်များတွင် ထံပြီးလည်း ဖြစ်ကြောင်း။

ချအပ်
ပို့

**(လက်မှတ်)**
**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ**

**ပုံစံ-ဂ**
(မူရင်းထပ်တူပေါင်း ၄ စောင် ရှိစေရမည်။)
(ပုဒ်မ ၁၅ ကိုကြည့်။)
ထိမ်းမြားကြောင်း သက်သေခံမှတ်ပုံတင်စာအုပ်ပုံစံ

အမှတ်၊ -----------။
ထိမ်းမြားသည့်နေ့ရက်။
ထိမ်းမြားရာအရပ်

(က) လင်၏အမည်၊
(ခ) အသက်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အလုပ်အကိုင်၊
(စ) နေရပ်၊
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့်နေရပ်။

(က) မယား၏အမည်၊
(ခ) အသက်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အလုပ်အကိုင်၊
(စ) နေရပ်၊
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
(ဈ) အသက် ၂၀ နှစ် မပြည့်သေးလျှင် ထိမ်းမြားရန် သဘောတူညီချက်ပေးပြီးသည့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

※ [ ကျွန်တော်နှင့် ကျွန်မတို့၏ ယခုထိမ်းမြားမှုကို အောက်ပါသက်သေများရှေ့တွင် ပြုလုပ်ပါသည်။

**လင်၏လက်မှတ်**

**မယား၏လက်မှတ်**

ကျွန်ုပ်တို့ရှေ့တွင် ပြုလုပ်ပါသည်။

မောင် / မ
အမည် ၊ ----------------------------
အလုပ်အကိုင် ၊ ----------------------------
နေရပ် ၊ ----------------------------

မောင် / မ
အမည် ၊ ----------------------------
အလုပ်အကိုင် ၊ ----------------------------
နေရပ် ၊ ----------------------------

ထိမ်းမြားရန် သဘောတူချက်ပေးသူ၏လက်မှတ်။

အထက်တွင် အမည်ဖော်ပြပါရှိသူတို့၏ ထိမ်းမြားမှုကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် ကျွန်ုပ်ရှေ့၌ ပြုလုပ်သည်။]

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

※ မှတ်ချက် ။ ဤဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုသူများဖြစ်လျှင် ဤအပိုဒ်ကို ပယ်ဖျက်ရမည်။

*စာမျက်နှာ ၁၆ မှ*

(ခ) ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်၊ လူ့ပယောဂနှင့် အခြားနည်းလမ်းတစ်ခုခုကြောင့် ပျက်စီးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊

(ဂ) နိုင်ငံတော်အနှံ့တွင် တည်ရှိနေသော ရှေးဟောင်းအဆောက်အအုံများကို ရှာဖွေဖော်ထုတ်၍ ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် ထည့်သွင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလိုသောစိတ်ဓာတ်နှင့် ထိန်းသိမ်းလိုသော စိတ်ဓာတ်များဖြစ်ပေါ်စေရန် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတစ်ခုခုနှင့် စပ်လျဉ်း၍ အဓွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအပြင် လိုအပ်ပါက ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံရန်နှင့် မပျက်စီးအောင် ထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်နှင့်ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင်ခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) နိုင်ငံတော်အတွင်း ဒေသအသီးသီးရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားရှိခြင်းနှင့် ပြည်သူလူထု လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာနသည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦးက တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သည့်၊ လက်ဝယ်ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းအဆောက်အအုံ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ တန်ဖိုးရှိသည့် မည်သည့်အဆောက်အအုံကိုမဆို အပ်နှံပါက လက်ခံ၍ ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ လက်ခံထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံကိုအပ်နှံသူ သို့မဟုတ် အဖွဲ့အစည်းသည် ပိုင်ဆိုင်ကြောင်း အထောက်အထား အခိုင်အမာတင်ပြနိုင်သူကိုသာ အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းအဆောက်အအုံအတွက် သင့်လျော်သော ချီးမြှင့်ငွေပေးအပ်နိုင်သည်။

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း သို့မဟုတ် အကြောင်းကြောင်းကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါရှေးဟောင်းအဆောက်အအုံများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ လက်ရှိအသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံနှင့် ဘာသာရေးဝတ်ပြုကိုးကွယ်မှုအတွက် လက်ရှိအသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံ၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍ သင့်လျော်သောအကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းအဆောက်အအုံ။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

**အခန်း(၅)**

**ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးခြင်း**

၁၀။ ဦးစီးဌာနသည်-

(က) အဆောက်အအုံတစ်ခုခုနှင့်စပ်လျဉ်း၍ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ စိစစ်ရန် လိုအပ်ပါက နည်းဥပဒေအရဖွဲ့စည်းသော ရှေးဟောင်းအဆောက်အအုံစစ်ဆေးရေးအဖွဲ့ကိုစစ်ဆေးစေပြီး အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်းရှိ မရှိနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)အရ ပညာရှင်အဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၆)**

**ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း သတင်းပို့ခြင်း**

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံကိုတွေ့ရှိသူသည် အဆိုပါအဆောက်အအုံမှာ ရှေးဟောင်းအဆောက်အအုံဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန်အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပေးပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါအဆောက်အအုံကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့်နေ့မှ ၇ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းအဆောက်အအုံစစ်မှန်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ကာကွယ်ထိန်းသိမ်းစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၇)**

**ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း**

၁၄။ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအဆောက်အအုံတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း၏ မူလပုံသဏ္ဍာန်ကိုဖြစ်စေ၊ မူလလက်ရာကို ဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ် ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံများကို အင်္ဂတေသရွတ်ကိုင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသက်န်းကပ်ခြင်း၊ ထီးတင်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် စသည်တို့ တင်လှူခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ဂြိုဟ်တိုင်၊ တံခွန်တိုင်၊ ရေကန်၊ ရုပ်တုများ၊ နတ်ရုပ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် အခြားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံများအား မူလလက်ရာအတိုင်း ပြန်လည်ဖြည့်စွက်တည်ဆောက်ခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံ တည်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာရှာဖွေခြင်းနှင့် တူးဖော်သုတေသနပြုခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံကို ဂေါပက သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ကာကွယ်ထိန်းသိမ်းခြင်း။

၁၅။ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဇရိယာအတွင်း၌ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို တိုးချဲ့ခြင်း၊

(ခ) ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ၊ လူနေအဆောက်အအုံများ အပါအဝင် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဂ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်း တည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံများစသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဃ) မြေအောက်တွင် လျှပ်စစ်သွယ်တန်းခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ သွယ်တန်းခြင်းနှင့် အခြားမြေအောက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များတူးဖော်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(စ) မြေမျက်နှာသွင်ပြင်ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များဖြိုဖျက်ခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဆိုင်သည့် အဝန်းအဝိုင်း၊ ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံများကို ထည့်သွင်းခြင်း၊ ခြံစည်းရိုးခတ်ထားခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံ၏အနီးနှင့် ပတ်ဝန်းကျင်မြင်ကွင်း၌ ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း(၈)**

**တားမြစ်ချက်များ**

၁၇။ မည်သူမျှ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံတွေ့ရှိပါက ဤဥပဒေပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၈။ မည်သူမျှဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ ပါဆောင်ရွက်ချက်တစ်ခုခုကို မပြုလုပ်ရ။

၁၉။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝုဏ်အတွင်းတွင် ဦးစီးဌာန၏စာဖြင့် ခွင့်ပြုချက်မရရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေရန် ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဍာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံမှ မူလအစိတ်အပိုင်းများ၊ အနုပညာလက်ရာပစ္စည်းများ ဖြုတ်ခွာယူခြင်း၊ ဖယ်ရှားခြင်း။

၂၀။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံမှ သတ်မှတ်ထားသော ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်နိုင်သည်ဟု ယူဆရသော အောက်ပါပြုလုပ်မှုတစ်ခုခုကို စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ရှေးဟောင်းအဆောက်အအုံကို စီးပွားရေးအလို့ငှာ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်ရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ်ပြုလုပ်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်ထားသော နယ်မြေအတွင်း တုန်ခါမှုဖြစ်ပေါ်စေသော ယန္တရားကြီးများ အသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုးသွားလာခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံ၏အနီး ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များ မွေးမြူခြင်း၊ ပိတ်ဆို့၍ ခြံစည်းရိုးများကာရံခြင်း သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေနိုင်သည့် အခြားဆောင်ရွက်မှု တစ်စုံတစ်ရာပြုလုပ်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော မီးပုံးပျံကဲ့သို့ ဓာတ်ငွေ့ထုတ်လွှတ်သည့် ကိစ္စများဆောင်ရွက်ခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေနိုင်သော သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များ တက်ဆင်းခြင်း၊ ပျံသန်းခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ဓာတုပစ္စည်းများ စွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်း။

**အခန်း(၉)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ပုဒ်မ ၁၄ ပါ ပြုလုပ်မှုတစ်ခုခုကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊

(ခ) ပုဒ်မ ၂၀ ပါ ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း။

၂၂။ မည်သူမဆို ပုဒ်မ ၁၇ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ငါးနှစ်မှ အများဆုံးထောင်ဒဏ် တစ်ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ရေဘေးဒဏ်ခံခဲ့ရသော်လည်း ပဲခူးခရိုင်၌ ပျက်စီးဆုံးရှုံးမှုနည်းပါး

**ပဲခူး ဩဂုတ် ၃၀**

ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းကြောင့် နေရာအနှံ့အပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) သိရသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းပေါင်း ၉၆ ကျောင်းခန့် ရေကြီးစဉ်ခေတ္တပိတ်ထားခဲ့ရသော်လည်း ရက်သတ္တတစ်ပတ်အတွင်း အဆိုပါကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ထိန်းတာ တည်ဆောက်ပေးခြင်း၊ ပဲခူးစစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ညောင်လေးပင် မြို့နယ်နှင့် ကျောက်တံခါး မြို့နယ်အတွင်းရှိ စစ်တောင်းတာ မူလအတိုင်း တာပုံစံကျပြုပြင်၍ တစ်ဆက်တည်းလည်းကောင်း၊ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေအမှတ်အောက် ၁၁၅ စင်တီမီတာသို့ လည်းကောင်း၊ ရွှေကျင်မြစ်ရေသည် စိုးရိမ်ရေအမှတ်အောက် ၆၉၂ စင်တီမီတာသို့ လည်းကောင်း ကျဆင်းခဲ့၍ ရေကြီးရေလျှံမှုဖြစ်စဉ်မှ လွတ်ကင်းခဲ့ရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့



ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်/ ဒေသအချို့တွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရပြီး အထူးသဖြင့် ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်၊ ကဝ၊ ပဲခူးမြို့တို့တွင် ပိုမိုဖြစ်ပွားခဲ့သည်။

ပျက်စီးဆုံးရှုံးမှု ပမာဏနှင့် လူသေပျောက်မှု ပမာဏမှာလည်း ယခင်ကာလဖြစ်စဉ်များနှင့် နှိုင်းစာလျှင် လျော့နည်းမှုရှိကြောင်း၊ လယ်ယာမြေများ ရေနစ်မြုပ်မှုတွင် ရေလွှမ်းဧက ၁၆၀၇၆၀ ရှိခဲ့ပြီး ရက်ပိုင်းအတွင်း ရေနစ်မြုပ်ရာမှ ပြန်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဧက ၇၆၉၁၃ ဧက ရှိခဲ့သော်လည်း ဧက ၂၄၆၃၀ သာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ

ခရိုင်အတွင်း ယခုနှစ်၌ ယခင်ကာလများကဲ့သို့ပင် ရေကြီးရေလျှံမှုဖြစ်စဉ်များ ကြုံတွေ့သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စနစ်တကျဆောင်ရွက်ထားနိုင်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ နည်းပါးခဲ့ရခြင်းဖြစ်သည်။ ပဲခူးခရိုင်မှာ နှစ်စဉ်နှစ်တိုင်းလိုပင် ရေကြီး ရေလျှံမှုဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိရာ ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်အရ ပဲခူးမြစ်အတွင်း သောင်ခုံတူးခြင်း၊ ဇောင်းတူရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်း၊ ပဲခူးစစ်တောင်းတာနှင့် ပုဂိုင်တာ ယိုယွင်းပျက်စီးမှုအချို့ကို တာပုံစံကျပြုပြင်ခြင်း၊ ဝေါမြို့နယ်အတွင်း ဆင်ရွာ၊ နဂါးပေါက် ရေလျှံတာပေါင်ပေါ်တွင် ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်သည့် ဂဝံကျောက်ခင်းလမ်း ခင်းခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ရန်ပုံငွေများဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (ပဲခူးတိုင်းဒေသကြီး)က ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင် ၂၉ ရက်အတွင်း ပဲခူးခရိုင်၌ ကယ်ဆယ်ရေးစခန်း ၃၄ ခု ဖွင့်လှစ်ခဲ့ရာ အိမ်ထောင်စု ၄၃၆၇ စု၊ လူဦးရေ ၂၀၆၄၈ ဦး ရေဘေးဒဏ်ခံခဲ့ရပြီး ဩဂုတ် ၆ ရက်မှ စတင်ကာ ပဲခူးမြစ်သည် ပဲခူးမြို့၏စိုးရိမ်ရေအမှတ်အောက် ၈၁၁ စင်တီမီတာသို့ နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၏ နေ့ညမရွေး သတိကြီးစွာ စည်းစည်းလုံးလုံး ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေကြီးရေလျှံမှုကို ရေနုတ်မြောင်းစနစ်ဖြင့် ရေဆွဲအားကောင်းမွန်စေရန် တူးဖော်ခဲ့မှုနှင့် အခြားရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ထားနိုင်မှုကြောင့် လည်းကောင်း ရေကြီးရေလျှံမှု ဖြစ်စဉ်ကြီးကို ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း-ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံ-ကိုကိုနေ**

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နေ့ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းဌေးတို့ တက်ရောက်ပြီး အာဟာရအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။

မိခင်နို့တိုက်ကျွေးမှု ဆုရမိခင်များကို ဆုများချီးမြှင့်ပေးအပ်ပြီး ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင် A နှင့် သန်ချဆေးများ တိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်လောင်းများကို အစားအစာနှင့် အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ကိုကြီးတင်**

## ကနီမြို့ မြို့ပေါ်ရပ်ကွက်လမ်းများမှ သဲနုန်းများကို စက်ယန္တရားဖြင့် ရှင်းလင်း

**ကနီ ဩဂုတ် ၃၀**

ဩဂုတ်လဆန်းပိုင်းက ကနီမြို့တွင် ချင်းတွင်းမြစ်ရေ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့၍ မြစ်ရေနှင့်အတူ နွံများပါလာပြီး အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်အနိမ့်ပိုင်းများနှင့် လမ်းများပေါ်တွင် ရေပြန်လည် ကျဆင်းသွားချိန်၌ ရွံ့နွံများ နှစ်ပေကျော်သုံးပေခန့် တင်ကျန်နေရစ်ခဲ့သည်။

မြို့နယ် စည်ပင်သာယာရေး ကော်မတီအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ ဩဂုတ် ၁၈ ရက်က ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လူအင်အားအသုံးပြု ဆောင်ရွက်ခဲ့သော်လည်း အချို့လမ်းမများ၌ သဲနုန်းများကျန်ရှိနေသောကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စက်သုံးဆီထောက်ပံ့မှုများဖြင့် မြေတင်စက် ဆောင်ရွက်ပေး၍ မြို့နယ်စည်ပင်သာယာရေးမှ မြေသယ် စက်ယန္တရားများဖြင့် သဲနုန်းများကို ဩဂုတ် ၂၈ ရက်က ဆက်လက် ရှင်းလင်းခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်က မြို့နယ်အားကစားကွင်းကြီး၌ကျင်းပရာ ကျေးရွာဘောလုံးအသင်းပေါင်း ၁၃ သင်း အားကစားသစ္စာအဓိဋ္ဌာန်ပြုကြစဉ်။ တင်ထွန်းတာ



## တရားလွှတ်တော်လုပ်ငန်း ညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဩဂုတ် ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ်လစတုတ္ထပတ်က မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်တရားလွှတ်တော် တရားဦးစီးမှူးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

### သတင်းတို

## ရေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအသင်းက နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးထားလျက် မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် တရုတ်ယွမ် ၇၆၆၈၅ (မြန်မာငွေကျပ် ၁၅၁၈၅၂၀၀)ကို ဩဂုတ် ၂၇ ရက်က ကြယ်ခေါင် နန်းတော်ဂိတ်၌ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ၌ တယ်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအတွင်းရေးမှူး Mr. Lang Chang Hui နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မူဆယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းတို့က အလှူငွေကို လက်ခံခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများလှူဒါန်း

သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ရေကြီးနစ်မြုပ်ခံရသော ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် IRRAWADDY GREEN TOWERS ကုမ္ပဏီက စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၀ ခန့်ကို ဩဂုတ် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ လှူဒါန်းခဲ့သည်။

ထို့နောက် ရေဘေးသင့် ထန်းပင်ကုန်းကျေးရွာသို့ သွားရောက်လှူဒါန်းပြီး ကျန်ရှိနေသည့်ကျေးရွာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့မှတာဝန်ယူလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(ပြန်/ဆက်)**

## ကျီကုန်းကျေးရွာသစ် ပြန်လည်ထူထောင်ရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျီကုန်းကျေးရွာသစ် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျီကုန်းကျေးရွာသစ် ဖော်ထုတ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့်အတူ ဩဂုတ် ၂၇ ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

## ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေနှင့် မြစ်ရေများတိုးဝင်မှုကြောင့် ဩဂုတ် ၆ ရက်မှစ၍ ရေဝင်ရောက်မှုအပေါ် မူတည်၍ ကျောင်းများကို ယာယီပိတ်ခဲ့ရသည်။

ယခုအခါ ရေများပြန်လည်ကျဆင်းခဲ့သဖြင့် ဩဂုတ် ၂၁ ရက်အထိ ရှစ်ကျောင်း၊ ဩဂုတ် ၂၄ ရက်တွင် ၅၁ ကျောင်းနှင့် ဩဂုတ် ၂၇ ရက်အထိ သုံးကျောင်းဖြင့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်ခန်းစာများ နောက်ကျမှုမရှိစေရေးအတွက် အချိန်ပိုသင်ကြားရက်များ ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# စပိန်နဲ့ ဆွီဒင်တို့ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်မယ့် ယူအီးအက်ဖ်အေ ယူ-၂၁ ခြေစစ်ပွဲ



ယူအီးအက်ဖ်အေယူ-၂၁ ချန်ပီယံရှစ်ခြေစစ်ပွဲတွေကို စက်တင်ဘာ ၂ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အက်စ်တိုးနီးယားနဲ့ စပိန်၊ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးယားနှင့် ကာဇက်စတန်၊ ခရိုအေးရှားနဲ့ ဂျော်ဂျီယာ၊ ဆွီဒင်နဲ့ ဆန်မာရီယိုတို့ပွဲတွေက ကြည့်ရောင်းမယ့်ပွဲတွေဖြစ်ပြီး လူငယ်ကစားသမားတွေရဲ့ စွမ်းဆောင်မှုကို မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

### အက်စ်တိုးနီးယားနှင့် စပိန်

ဆန်မာရီယိုအသင်းကို အိမ်ကွင်းမှာ ဂိုးမရှိသရေကစားထားတဲ့ အက်စ်တိုးနီးယားတို့ အခုပွဲက စပိန်နဲ့ ကစားရမှာမို့ အားသွန်ရဦးမယ့်ပွဲဖြစ်နေပါတယ်။ အက်စ်တိုးနီးယားရဲ့ ခြေစွမ်းက ခံစစ်ပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်မှာ လူငယ်တိုက်စစ်မှူးတွေက အဆုံးသတ်မသေချာပါဘူး။ စပိန်လူငယ်တွေကလည်း ဆာဘီးယားလူငယ်အသင်းကို နှစ်ကျော့စလုံး တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ နိုင်ပွဲမရထားတာမို့ ဒီပွဲမှာ အကောင်းဆုံးအခင်းအကျင်းနဲ့ ပွဲထွက်လာဖို့ရှိနေပါတယ်။ စပိန်တို့က ခြေစစ်ပွဲအောင်ဖို့အတွက် အဝေးကွင်းဆိုပေမယ့် အပြည့်အဝအာရုံစိုက်ပြီး နိုင်ပွဲရအောင် ကြိုးစားပေမယ့် ရလဒ်ကောင်းဖို့တော့ ခက်ခဲမယ့်အနေအထားပါပဲ။

### ဘော့စနီးယား ဟာဇီဂိုးမီးယားနှင့် ကာဇက်စတန်

ဘော့စနီးယားတို့က နော်ဝေလူငယ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးထားတာမို့ အခုပွဲမှာ အားထည့်ကစားပါလိမ့်မယ်။ ကာဇက်စတန်လူငယ်တွေကလည်း ပြင်သစ်ယူ-၂၁ အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ ဒီပွဲမှာ ရလဒ်ကောင်းဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် အိမ်ရှင်ဘော့စနီးယားတို့က အပြင်းအထန် ခုခံကာကွယ်ပါလိမ့်မယ်။ ကာဇက်စတန်အသင်းဟာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ရေကုန်ရေခမ်းကစားတတ်တာမို့ အခုပွဲမှာ အနိမ့်ဆုံးသရေရလဒ်ထွက်ပေါ်အောင် အကောင်အထည်ဖော်ပါလိမ့်မယ်။

### ဆွီဒင်နှင့် ဆန်မာရီယို

ဆွီဒင်လူငယ်တွေဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ဒိန်းမတ်ကို လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး၊ အီတလီကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရထားပါတယ်။ ဒ့ါအပြင် ပေါ်တူဂီအသင်းကို နှစ်ကျော့စလုံးသရေပွဲကစားခဲ့ပြီး အင်္ဂလန်ယူ-၂၁ အသင်းကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆွီဒင်လူငယ်တွေဟာ တိုက်စစ်ရော၊ ခံစစ်ပါကောင်းမွန်နေပြီး ဆန်မာရီယိုတို့ အခြေအနေမကောင်းနိုင်ပါဘူး။ ဆန်မာရီယိုတို့က အက်စ်တိုးနီးယားကို ဂိုးမရှိသရေကစားခဲ့ပြီး ဂျော်ဂျီဟာအသင်းကိုတော့ သုံးဂိုးပြတ်နဲ့ ရှုံးခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းအရ အိမ်ရှင်ဆွီဒင်တို့ပဲ နိုင်ပွဲရမယ့်အနေအထားပါပဲ။

### ခရိုအေးရှားနှင့် ဂျော်ဂျီယာ

အင်္ဂလန်ယူ-၂၁ အသင်းကို နှစ်ကျော့စလုံးရှုံးထားတဲ့ ခရိုအေးရှားတို့ တိုက်စစ်ပိုင်းက လွဲချော်မှုတွေများနေပါတယ်။ ကွင်းလယ်ကစားအားကောင်းတဲ့ ခရိုအေးရှားတို့က အခုပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းတက်နေတဲ့ ဂျော်ဂျီယာကို အနိုင်ယူဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဂျော်ဂျီယာလူငယ်တွေက ဆန်မာရီယိုအသင်းကို သုံးဂိုးပြတ်နဲ့နိုင်ခဲ့သလို နယ်သာလန်အသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာလည်း ဂျော်ဂျီယာတို့ နိုင်ပွဲဆက်ရေးကြိုးစားပါလိမ့်မယ်။ ဂျော်ဂျီယာတို့က တိုက်စစ်ထက်မြက်သလို ခံစစ်လည်း လုံအောင်ကစားနိုင်တာမို့ အခုပွဲမှာ ခရိုအေးရှားတို့ မလွယ်ပါဘူး။

### လက်ချင်စတိန်းနှင့် ဟန်ဂေရီ

ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ လက်ချင်စတိန်းတို့ အခုပွဲလည်း အိမ်ကွင်းမှာဆိုပေမယ့် ပွဲကျပ်ဖြစ်နေပါတယ်။ အစ္စရေးနဲ့ အယ်လ်ဘေးနီးယားအသင်းတွေကို ဂိုးပြတ်ရှုံးထားတဲ့ လက်ချင်စတိန်းဟာ တိုက်စစ်ပိုင်းသိသိသာသာအားနည်းနေတာမို့ ဒီပွဲမှာ အကြိတ်အနယ်ကစားရမယ့် အနေအထားပါပဲ။ ဟန်ဂေရီတို့က အီတလီလူငယ်တွေကို ဂိုးမရှိသရေပွဲကစားနိုင်တာမို့ ဒီပွဲမှာ အသင်းလိုက်စုစည်းမှုကောင်းကောင်းနဲ့ နိုင်ပွဲကို ရအောင်ရှာဖွေပါလိမ့်မယ်။

### အယ်လ်ဘေးနီးယားနှင့် အစ္စရေး

ဒီနှစ်သင်းစလုံးက လက်ချက်စတိန်းကို ဂိုးပြတ်သွင်းနိုင်ပွဲရယူထားကြတာမို့ အခုပွဲမှာတော့ ခြေရည်တူနှစ်သင်းထိပ်တိုက်တွေ့ပြီဖြစ်ပါတယ်။ လက်ချင်စတိန်းတို့က ခံစစ်ပိုင်းကောင်းမွန်သလို ကွင်းလယ်ကစားအားလည်း စွမ်း ဆောင်ရည်မြင့်မားပါတယ်။ အစ္စရေးတို့က တိုက်စစ်ပိုင်းထက်မြက်ပေမယ့် အသင်းလိုက်ကစားအားမှာ အယ်လ်ဘေးနီးယားကို မမီပါဘူး။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်တို့ အသာစီးရသွားမယ်လို့ ယူဆပါတယ်။

■ မိုးမြင့်လင်းလက်

## မန်စီးတီးနဲ့အတူ ပွဲထွက်လာမယ့် ဒီဘရိုင်း

ဝုဖ်ဘတ်တိုက်စစ်မှူး ဒီဘရိုင်းကို မန်စီးတီးက ၂၄ နာရီအတွင်း စာချုပ်ဖို့ရှိပါတယ်။ မန်စီးတီးက ဝုဖ်ဘတ်တောင်ပံတိုက်စစ်မှူး ကီဗင်ဒီဘရိုင်းကို ပေါင် ၅၄ သန်းနဲ့ ခေါ်ယူဖို့ သဘောတူထားတယ်လို့ ဝုဖ်ဘတ်အားကစားဒါရိုက်တာ ကလပ်အောလော့က ဆိုပါတယ်။ တိုက်စစ်မှူး ဒီဘရိုင်းဟာ သောကြာနေ့က ရှော်လ်ကေးနဲ့ ဝုဖ်ဘတ်တို့ပွဲမှာ မပါခဲ့ပါဘူး။ သူဟာ အသင်းမှ ထွက်ခွာသွားပြီဖြစ်ပါတယ်။ မန်စီးတီးနည်းပြ ပယ်ရီဂရင်နီးအနေနဲ့ ဘယ်လ်ဂျီယံကစားသမား ဒီဘရိုင်းကိုခေါ်ဖို့ လုပ်နေတာကြာပြီဖြစ်ပါတယ်။ မန်စီးတီးနဲ့ ဝုဖ်ဘတ်တို့အကြား ပြောင်းရွှေ့ကြေးနဲ့ပတ်သက်ပြီး သဘောတူညီမှုတော့ရထားပြီဖြစ်တဲ့အတွက် မန်စီးတီးကို ရောက်လာတော့မှာဖြစ်ပါတယ်။ လာမယ့်သီတင်းပတ် ပရီမီယာလိဂ်ပြိုင်ပွဲတွေမှာတော့ မန်စီးတီးရဲ့တိုက်စစ်မှာ ဒီဘရိုင်းကို စတွေ့ရတော့မှာဖြစ်ပါတယ်။ ချယ်လ်ဆီးတောင်ပံကစားသမားဟောင်း ဒီဘရိုင်းဟာ ဝုဖ်ဘတ်အသင်းမှာခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ဖလားရဖို့ရေပန်းစားနေတဲ့ မန်စီးတီးရဲက တိုက်စစ်ဟာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။





## မိုနာကို နောက်ခံလူကို ချယ်လ်ဆီးခေါ်ဖို့ပြင်

နည်းပြ မော်ရင်ဟိုအနေဖြင့် နောက်တန်းကစားသမားတစ်ဦး အမြန်ဆုံးအလိုရှိနေတဲ့အတွက် အဲဗာတန်နောက်တန်းလူ ဂျွန်စတုန်းကိုရဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ သို့ပေမယ့် အဲဗာတန်က ဂျွန်စတုန်းကို ရောင်းထုတ်ဖို့ ငြင်းဆိုနေတဲ့အတွက် အခြားကစားသမားတစ်ဦးကို ခေါ်ယူဖို့ ပြင်ဆင်နေရာမှာ မိုနာကိုနောက်ခံကစားသမားတစ်ဦးဖြစ်တဲ့ အိုင်မန်အဒမ်နိုယာကို ပေါင် ၁၅ သန်းနဲ့ ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအနေနဲ့ ဂျွန်စတုန်းကိုခေါ်ယူဖို့ လက်လျှော့လိုက်ပြီဖြစ်ပါတယ်။ ချယ်လ်ဆီးက ဂျွန်စတုန်းကိုခေါ်ယူဖို့ ပေါင် ၃၈ သန်းအထိ ခေါ်ခဲ့တာပါ။ နောက်ကစားသမားတွေထဲမှာတော့ စံချိန်တင်အများဆုံးပဲလို့ ဆိုပါတယ်။ သို့ပေမယ့် အဲဗာတန်အသင်း တာဝန်ရှိသူတွေက ငြင်းဆန်နေတဲ့အတွက် မိုနာကိုဗဟိုခံစစ်မှူး အဒမ်နိုယာကို အရခေါ်ယူသွားဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးကိုရောက်လိမ့်မယ်လို့တော့ အတိအကျမပြောနိုင်သေးပါဘူး။ သူ့ကို လီဗာပူးကလည်း ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ချယ်ဆီးကတော့ အဓိကပစ်မှတ်ထားခေါ်ယူဖို့ ရှိပါတယ်။

## တောင်ကိုရီးယားတိုက်စစ်မှူးကို စပါးခေါ်ယူ

တောင်ကိုရီးယားလက်ရွေးစင်ကစားသမားတစ်ဦးဖြစ်တဲ့ ဆွန်ဟောင်မင်းကို စပါးက ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင်းဟာ လေဗာကူဆင်အသင်းမှာ ၅၈ ပွဲကစားပြီး ၂၁ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ ဆွန်ဟောင်မင်းကို စပါးက ပေါင် ၂၁ ဒသမ ၉ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး သူဟာ ကျောနံပါတ် ၇ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားရမှာဖြစ်ပါတယ်။ တောင်ကိုရီးယားတိုက်စစ်မှူးအနေနဲ့ စပါးရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဟယ်ရီကိန်းကို အဓိကပံ့ပိုးပေးနိုင်တော့မှာဖြစ်ပါတယ်။ စပါးတိုက်စစ်အတွက် ဟယ်ရီကိန်းကို အဓိကဂိုးပေါက်တွေ ဖန်တီးပေးဖို့ လိုအပ်နေတာပါ။ စပါးအသင်းမှာ အဓိကခြေစွမ်းပြကစားနေတဲ့ ဟယ်ရီကိန်းမှာ အဓိကအားဖြင့် ဂိုးပေါက်ဖန်တီးပေးမယ့် တိုက်စစ်မှူးတစ်ဦး လိုအပ်နေတာပါ။ ယခုအခါ တောင်ကိုရီးယားတိုက်စစ်မှူးကို ခေါ်ယူနိုင်ပြီဖြစ်လို့ လာမယ့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ စပါးအသင်းရဲ့ တိုက်စစ်နဲ့အတူ တွေ့ရတော့မှာဖြစ်ပါတယ်။ သူဟာ လေဗာကူဆင်မှာ ခြေစွမ်းရှိတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။



ကောင်းမြတ်သူ စုစည်းသည်။

# ရေနစ်မြုပ်ခဲ့သော စပါးဧက သုံးသောင်းကျော်နှင့် ပျိုးခင်းဧက သုံးထောင်ကျော် ပြန်လည်စိုက်ပျိုးပြီး

**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၌ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပျက်စီးခဲ့သော စပါးစိုက်ခင်းများနှင့် ပျိုးထောင်စပါးခင်းများ အနက် စပါးဧက သုံးသောင်းကျော်နှင့် ပျိုးခင်းသုံးထောင်ကျော်ကို ပြန်လည် စိုက်ပျိုးထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေကြီးရေလျှံမှုများကြောင့် စပါးစိုက်ခင်း ၁၁၃၅၇၁ ဧက ရေနစ်မြုပ်ခဲ့ကာ ထိုအထဲမှ ဧက ၄၃၆၇၀ ခန့် ပျက်စီးခဲ့ပြီး ပျိုးခင်း ၁၀၅၆၃ ဧက ရေနစ်မြုပ်ခဲ့ကာ ၅၄၄၆ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ပျက်စီးဆုံးရှုံးခဲ့သော စပါး စိုက်ခင်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်း ဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ပြီး ပြန်လည်စိုက်ပျိုးလျက်ရှိရာ ဩဂုတ် ၂၇ ရက်အထိ ကလေးမြို့နယ် တွင် ၁၀၂၁၅ ဧက၊ ကောလင်းမြို့နယ်တွင် ၂၀၁၂၃ ဧက စုစုပေါင်း ၃၀၃၃၈ ဧကကို ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ပျက်စီးသွားတဲ့ စပါးခင်းတွေနေရာမှာ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး အတွက် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက ကွင်းဆင်းပြီး စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် ရာသီဥတုကဖောက်ပြန်တဲ့အတွက် ပိုးမွှားအန္တရာယ်ဖြစ်ပွားနိုင်လို့ ကြို တင်ကာကွယ်ရေးလုပ်ငန်းများအတွက် အသိပညာပေးလုပ်ငန်းတွေလည်း ဆက်လက်လုပ်ဆောင်ပေးသွားမှာပါ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရေကြီးနစ်မြုပ်ခဲ့သော စပါးပျိုးခင်း ၁၀၅၆၃ ဧကမှ ပျက်စီးခဲ့သော ပျိုးခင်း ၅၄၄၆ ဧကတွင် မိုးစပါးများ အချိန်မီပြန်လည်ပျိုးထောင်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ စပါးပျိုးခင်း ၃၃၆၅ ဧကကို ပြန်လည်ပျိုးထောင်ထား ပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**ကျောက်ပန်းတောင်း ဩဂုတ် ၃၀**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဆင်းပွဲကို မန္တလေး တိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန စကားဝါခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲသို့ မြို့နယ်မီးဘေး ကြိုတင်တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ် စား ဒုတိယဦးစီးမှူးဦးကျော်မင်းထက်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တာဝန် ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ရဲကျော် စွာအောင်ကျော်ဝင်းနှင့် တပ်ဖွဲ့ဝင် များ၊ သင်တန်းသားရဲဘော်များ တက် ရောက်ကြသည်။ သင်တန်းဆင်းပွဲ တွင် မြို့နယ်မီးဘေးကြိုတင်တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား မြို့နယ်မီးသတ်တပ်ဖွဲ့မှူးက သင်တန်း ဆင်းအမှာစကား ပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ရဲအုပ် စိုင်းဝင်းက သင်တန်းသား အရန် မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်း ဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ ဝင်များက အသက်ကယ်စွမ်းရည်ပြသ မှုများ လက်တွေ့သရုပ်ပြခဲ့ကြသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်း မှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်း သား ၅၀ တက်ရောက်ခဲ့ကြပြီး သင် တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။

**နေအောင်(iprd)**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၃၀**

၂၀၁၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်(ဖလား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မော်လမြိုင်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲ နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ကျိုက်ထိုမြို့နယ်အသင်းနှင့် ပေါင်မြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ကျိုက်ထိုမြို့နယ် အသင်းက အနိုင်ရခဲ့သည်။ သုံးယောက်တွဲပြိုင်ပွဲတွင် မော်လမြိုင်အသင်းနှင့် အား/ကာသိပ္ပံ(မော်လမြိုင်) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကာသိပ္ပံ (မော်လမြိုင်)က အနိုင်ရခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ပြည်နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီအား အမှတ်တရလက်ဆောင်ပေးအပ် ပြီး ပြည်နယ်ပိုက်ကျော်ခြင်းကော်မတီဥက္ကဋ္ဌ ဦးနေ ဝင်းက အကောင်းဆုံးအားကစားသမားဆုနှင့် အတိုး တက်ဆုံးအားကစားသမားဆုရရှိသည့် မော်လမြိုင် အသင်းမှ အောင်ဇော်ဟိန်းအား ဆုချီးမြှင့်သည်။ ထို့နောက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိ သည့် ကျိုက်ထိုမြို့နယ်အသင်း၊ ဒုတိယဆုရှိသည့် ပေါင်မြို့နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသည့် မုဒုံနှင့် ချောင်းဆုံမြို့နယ်အသင်းများအား တစ်ဦး ချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ဗမာတိုင်းရင်း သားရေးရာဝန်ကြီး ဦးသက်ဝင်းက ချီးမြှင့်သည်။ ထို့နောက် သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ အား/ကာသိပ္ပံ(မော်လမြိုင်)အသင်း၊ ဒုတိယဆုရ မော်လမြိုင်မြို့နယ်အသင်းနှင့် ပူးတွဲတတိယရရှိ သည့် မုဒုံနှင့် ရေးအသင်းများအား ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပထမတံခွန်စိုက်ဆု ရရှိကြသော နှစ်ယောက်တွဲပြိုင်ပွဲမှ ကျိုက်ထိုမြို့နယ်အသင်းနှင့် သုံးယောက်တွဲ ပြိုင်ပွဲမှ အား/ကာသိပ္ပံ(မော်လမြိုင်) အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုဖလားများကို ချီးမြှင့်ပေးအပ်ခဲ့သည်။



အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မွန်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၀ ခုမှ မြို့နယ်ကိုယ်စားပြု လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်း ၁၀ သင်းနှင့် အား/ကာသိပ္ပံ (မော်လမြိုင်)မှ ပိုက်ကျော်ခြင်း တစ်သင်း၊ စုစုပေါင်းအသင်း ၁၁ သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# လှိုင်သာယာစက်မှုဇုန်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲပြုလုပ်

**ရန်ကုန် ဩဂုတ် ၃၀**

လှိုင်သာယာမြို့နယ်အတွင်း စက်မှုဇုန်များရှိ စက်ရုံများ၌ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီး ဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ဟောပြောပွဲနှင့် သရုပ်ပြပွဲကို စက်မှု ဇုန်(၁)ရှိ ကနောင်ခန်းမ၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ် ရေးမှူး ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး စက်မှုဇုန်ကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးကျော်ဝင်းက စက်မှုဇုန်များတွင် မီးဘေးကြိုတင် ကာကွယ်မှုအတွက် စက်ရုံများ၏ လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက စက်ရုံများ၏ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားခဲ့သော စက်ရုံများ၏ လိုအပ်ချက်နှင့် အားနည်းချက်များ၊ စက်ရုံများတွင်ထားရှိရမည့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအကြောင်း တို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စက်ရုံများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင် ထားရမည့် အချက်များနှင့် လောင်စာဆီကြောင့်လည်းကောင်း၊ ဂက်စ်ကြောင့် လည်းကောင်း မီးလောင်မှုဖြစ်ပေါ်ခဲ့ပါက မီးငြိမ်းသတ်ရမည့် နည်းလမ်းများကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ပြီး ဟောပြောပွဲတက်ရောက်သော စက်ရုံများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ကလည်း မီးငြိမ်းသတ်မှုသရုပ်ပြခြင်းကို လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

# မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ကလော ဩဂုတ် ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည် ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် စီမံကိန်းဝင်ကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအား



စီမံကိန်း စီမံခန့်ခွဲမှုသင်တန်းကို ကလောမြို့မ ဘုန်းတော်ကြီးကျောင်းစာသင်တိုက် ၌ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှူး ဦးစိုးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စိုးက မွေးမြူရေးနှင့် ကုသရေးဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှူး ဒေါ်သက်သက်အေးက စိုက်ပျိုးရေးဆိုင်ရာများ၊ မြို့နယ်စီမံ ကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဒေါ်တင်မြိုင်က စီမံကိန်းရေးဆွဲခြင်း၊ မြို့နယ်ပျား လုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်က ပျားမွေးမြူရေးပညာရပ်များစသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချသည်။

ထို့နောက် ကလောမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အကောင် အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာ ၁၅ ရွာအတွက် တစ်ရွာလျှင် အရင်းမပျောက်ချေးငွေ ကျပ်သိန်း ၃၀၀ စီဖြင့် ချေးငွေစုစုပေါင်း ကျပ်သိန်း ၄၅၀၀ ကို ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီဝင်များထံသို့ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှူးက ပေးအပ်ခဲ့သည်။ **ဇော်သိန်းရည်**

# အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေသတ်မှတ်ရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၃၀**

ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ အဆိုပြုသတ်မှတ်နိုင်ရေးအတွက် ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ City Park Royal ခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနားတက္ကသိုလ်မှ ဆရာ ဆရာမများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် အပင်များအဖွဲ့ (Fauna and Flora International-FFI)မှ မြန်မာပရိုဂရမ်ဒါရိုက်တာ Mr. Frank Momberg နှင့် UNESCO Myanmar Office မှ ကိုယ်စားလှယ် Mr. Sriharsha Masabathula တို့ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အင်းတော်ကြီးကန်ဒေသ၏ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များအား ရေရှည်တည်တံ့စေရေး စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရန်၊ အင်းတော်ကြီးကန်ဒေသအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် သဘာဝသယံဇာတများအပေါ် မှီခိုထုတ်ယူသုံးစွဲမှုများကို လျှော့ချပြီး ရေရှည်ထုတ်ယူသုံးစွဲနိုင်မည့် စီမံအုပ်ချုပ်မှုပုံစံတစ်ခု ပေါ်ပေါက်စေရန်၊ ဇီဝအဝန်းနယ်မြေတစ်ခု ဖြစ်ပေါ်လာခြင်းနှင့်အတူ အော်ဂဲနစ်သီးနှံစိုက်ပျိုးရေး ထွက်ကုန်များနှင့် ဒေသခံများ၏ ရိုးရာလက်မှုပစ္စည်းများကို မြှင့်တင်ထုတ်လုပ်ပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ သတ်မှတ်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးအောင်နိုင်က ဆက်လက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ယူနက်စကို မြန်မာနိုင်ငံရုံးမှ ကိုယ်စားလှယ်နှင့် FFI မှ ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက စုပေါင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ထိုင်းနိုင်ငံအစိုးရသံရုံးမှ ကျပ်သိန်း ၁၄၀၀ ကျော် တန်ဖိုးရှိ ပစ္စည်းများနှင့်ဆေးဝါးများလှူဒါန်း

**မြဝတီ ဩဂုတ် ၃၀**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၁၄၀၀ ကျော် တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းနှင့် ဆေးဝါးများကို ထိုင်းနိုင်ငံအစိုးရသံရုံး (Ministry of Foreign Affairs)မှ ဩဂုတ် ၂၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ အထူးစီးပွားရေးဇုန်ကော်မတီရုံး၌ ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟထတန်တိနှင့် ထိုင်းစီးပွားရေးသံရုံးမှ တာဝန်ရှိသူများက မြန်မာနိုင်ငံမှ မြဝတီခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊ မြဝတီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရေဘေးသင့် ဒေသများအတွက် ရေသန့်စက် အလုံး ၅၀ ၊ ဆေးရုစ်မျိုးပါ ဆေးဘူး ၃၃၁ ဖာ၊ ပါရာစီတမော၊ ယားနာပျောက်ဆေး၊ ရေဆူဆေးပြား၊ အလှဆီ၊ လက်သန့်ဆေးဘူး၊ အရက်ပြန်၊ ခါတ်မီး၊ နှာခေါင်းစည်းများ အပါအဝင် အခြားလူသုံးပစ္စည်းများနှင့် ဆေးဝါးများကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုစုစုပေါင်း တန်ဖိုးကျပ် ၁၄၂၈သိန်းခန့်ရှိကြောင်း သိရသည်။

လှူဒါန်းသည့် ပစ္စည်းများနှင့် ဆေးဝါးများကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရုံးချုပ်)သို့လှောင်ရုံသို့ ပို့ဆောင်သွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လိုအပ်သော ရေဘေးသင့်ဒေသများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




လှူဒါန်းပစ္စည်းများကို တင်ဆောင်လာသော ကားကြီးတစ်စီး။

# ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်မှုများ သတင်းစာရှင်းလင်းပွဲပြုလုပ်

**သထုံ ဩဂုတ် ၃၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆောင်ရွက်မည့် လုံခြုံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို မွန်ပြည်နယ် သထုံမြို့နယ် ရဲတပ်ဖွဲ့က ဩဂုတ် ၂၉ ရက်တွင် မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးလွင်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူးက အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးညွှန်ကြားချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်နိုင်က ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One Stop Shop)များ၏ ဝန်ဆောင်မှုများအကြောင်းကိုလည်းကောင်း၊ စခန်းမှူးများက မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်း လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သတင်းမီဒီယာများက ရွေးကောက်ပွဲကာလလုံခြုံရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ ကြသည်။

**နန္ဒကျော်စွာ(သထုံ)**

## သတင်းတိုများ

### မြို့ရေပေးရေးအတွက်အသုံးပြုရန် မြေကွက်လှူဒါန်း

သာစည်မြို့တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းအတွက် တိုးချဲ့ရေတွင်းများတူးဖော်ရာတွင် မြေနေရာအခက်အခဲမရှိစေရေးအတွက် အလှူရှင်တစ်ဦးက မိသားစုပိုင်လယ်မြေကွက်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ မြေကွက်လှူဒါန်းပွဲကို သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ပြီး သာစည်မြို့ အမှတ်(၁)နယ်မြေ ချမ်းသာကြီးရပ်ကွက်နေ ဦးထွန်းထွန်းနိုင်(ဒိုးကလေး)မိသားစုက ၎င်းတို့ပိုင်ဆိုင်သည့် ထိန်ကန်တောင်ကွင်းမှ အလျား ၂၀ ပေ၊ အနံ ၁၅ပေ ရှိမြေကို မြို့ရေပေးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မောင်အေးထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

**မောင်ကို(သာစည်)**

### သမဝါယမအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရှမ်းပြည်(တောင်ပိုင်း) ပင်းတယမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် အစုငွေအပေါ် အကျိုးဝေစုငွေများ ပေးအပ်ပွဲကို သမဝါယမအသင်းစုရုံးခန်းမ၌ ဩဂုတ် ၂၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အသင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အသင်း၏ အမြတ်ငွေများကို အစုငွေထည့်ဝင်သည့် ပမာဏအလိုက် အသင်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စပါးစံပြစိုက်ခင်း၌ မြေဩဇာစုပေါင်းကြဲပက်

သံဖြူဇရပ်မြို့နယ် ဝဲဝင်ကရာကျေးရွာအုပ်စုရှိ မိုးစပါး(GAP)သိပ္ပံနည်းကျစိုက်စနစ် ၁၀ ဧက စံပြကွက်၌ မြေဩဇာစုပေါင်းကြဲပက်ပွဲကို ဩဂုတ် ၂၇ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စိုးဟန်က လယ်ယာမြေများတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ်၍ သုံးစွဲနည်းကို လက်တွေ့ရှင်းလင်းပြသပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက စပါးခင်းအတွင်း မြေဩဇာစုပေါင်းကြဲပက်ကြသည်။ သံဖြူဇရပ်မြို့နယ်တွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)နှင့်အညီ စိုက်ပျိုးထားသော မိုးစပါး ဧက ၄၅၈၀ ရှိကြောင်း သိရသည်။ **ကျော်ဝင်း**(iprd)

